"ကျွန်တော်တို့အားလုံး ကိုဗစ်-၁၉ ရဲ့ သက်ရောက်မှုတွေကို အတူတိုက်ထုတ်နေကြသလိုပဲ ကလေးသူငယ်တွေအတွက် ထပ်တိုးကာကွယ်မှုတွေပေးသွားဖို့ လိုအပ်ပါတယ်။ ဒီလိုလုပ်ဆောင်မှုတွေကနေ ကလေးသူငယ်တွေ အန္တရာယ်ရှိတဲ့ အလုပ်စေခိုင်းမှုတွေဆီ တွန်းပို့ခံရခြင်းတွေက တားဆီးနိုင်မှာဖြစ်ပြီး ကျောင်းထွက်ရမယ့် အခြေအနေမျိုးတွေ၊ ကျန်းမာရေးနဲ့ ဘဝနေထိုင်မှုဆိုင်ရာ ထိခိုက်မှုတွေ လျော့နည်းစေမှာဖြစ်ပါတယ်။ ဆင်းရဲမွဲတေမှုနဲ့ မမျှတမှုတွေကို ဖြေရှင်းကြဖို့၊ ပညာရေးအဆင့်အတန်း မြှင့်တင်ရေးနဲ့ အားလုံးလက်လှမ်းမီနိုင်ရေးအပါအဝင် ကလေးများရဲ့ အခွင့်အရေးကိုလေးစားအသိအမှတ်ပြုကြဖို့ လုပ်ဆောင်ရမှာ ဖြစ်ပါတယ်" ဟု UNICEFမြန်မာ၏လက်ထောက်ကိုယ်စားလှယ် Alessandra Dentice က ဆိုသည်။

စားဝတ်နေရေး အခက်အခဲများ၊ မိသားစုဝင်များ နေထိုင်မကောင်းဖြစ်ခြင်း သို့မဟုတ် သေဆုံးခြင်းစသည့် ဆိုးရွားလာသော အခြေအနေများသည် ကလေးများအား ကျောင်းပညာရေးနှင့် အလှမ်းဝေးစေရန် တွန်းအားပေးလျက်ရှိရုံသာမက မိဘမဲ့ဘဝသို့ရောက်ရှိသွားခြင်း၊ ငွေကြေးအခက်အခဲနှင့် ရင်ဆိုင်စေခြင်းတို့သည် ကိုဗစ်-၁၉ နှင့်ဆက်နွယ်လျက်ရှိသော အကြောင်းရင်းများဖြစ်ကြောင်း၊ အဆိုပါအခြေအနေများသည် သန်းပေါင်းများစွာသော ကလေးသူငယ်များကို ငယ်ရွယ်သောအချိန်မှာပင် အန္တရာယ်ရှိသော လုပ်ငန်းခွင်များသို့ တွန်းပို့လျက်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ် မေလအထိ ကိန်းဂဏန်းများအရ မြန်မာနိုင်ငံတွင် လူပေါင်းခြောက်သောင်းခန့် အလုပ်လက်မဲ့ဘဝသို့ရောက်ရှိခဲ့ပြီး အခြေအနေများ ပိုမိုဆိုးရွားလာပါက အလုပ်သမားများ၏ လစာဖြတ်တောက်ခြင်းနှင့် ပိုမိုများပြားသော အလုပ်သမားများအား အလုပ်ရပ်စဲခြင်း အခြေအနေများနှင့် တွေ့ကြုံရမည်ကို ခန့်မှန်းရကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆန်းထူးအောင်

Scanned with CamScanner

| | | |
|---|---|---|
| Headline | : | More than 600,000 child labours working in hazardous work environments |
| Date | : | 13 June 2020 |
| Media Title | : | One News |
| Page/Section | : | Social Media News |
| Frequency | : | Daily |
| Language | : | Myanmar |
| PR Value | : | USD 1,500 |
| Summary | : | As of May 2020, more than 60,000 people have already lost their jobs in Myanmar; and as the crisis continues, deeper cuts in workers' salaries or more employment terminations are expected to occur. COVID-19 related factors that are pushing millions of vulnerable children – even those at a very young age – to work in hazardous conditions. |

**One News Myanmar**
June 13 at 4:06 PM ·

ကလေးလုပ်သားဖသိန်းကျော် ဘေးအန္တရာယ်ရှိလုပ်ငန်းခွင်များတွင် လုပ်ကိုင်နေရ
------------------------------------------------------------------------

မြန်မာနိုင်ငံမှာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ ပြဋ္ဌာန်းထားပေမယ့် ကလေးလုပ်သား ဖသိန်းကျော်ဟာ အခုချိန်ထိ ဘေးအန္တရာယ်ရှိတဲ့ လုပ်ငန်းခွင်တွေမှာ လုပ်ကိုင်နေရပါတယ်။

အဲ့ဒီကလေးတွေဟာ COVID-19 ကြောင့် အန္တရာယ်ပိုများတဲ့ အခြေအနေမှာ အချိန်ကြာကြာ လုပ်ကိုင်နေရတယ်လို့ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့(ILO)က ဇွန်လ (၈) ရက်မှာ ထုတ်ပြန်လိုက်တာပါ။

မြန်မာနိုင်ငံမှာ ကလေးလုပ်သားတွေကို အဆိုးဝါးဆုံးလုပ်ငန်းခိုင်းစေမှုအနေနဲ့ တောင်းရမ်းစားသောက် လုပ်ငန်းနဲ့ မူးယစ်ဆေးဝါးလုပ်ငန်းတွေမှာ အများဆုံးတွေ့ရတယ်လို့ ညီမျှခြင်းမြန်မာရဲ့ အမှုဆောင်ဒါရိုက်တာ ဦးအောင်မျိုးမင်းက ပြောပါတယ်။

"တောင်ယာတို့လို စိုက်ပျိုးရေးလုပ်ငန်းတွေမှာ လုပ်ဆောင်နေရတာ ရှိတယ်။ နောက်ပြီးတော့ စားသောက်ကုန်လုပ်ငန်းတွေမှာ ကလေး စားပွဲထိုးတွေအများကြီး ကျွန်တော်တို့ တွေ့နေရတယ်။ နောက်ပြီးကျတော့ အဆိုးဝါးဆုံးလုပ်ငန်းစေခိုင်းမှုထဲမှာ ပါဝင်တဲ တောင်းရမ်းစားသောက်လုပ်ငန်းတွေမှာ စေခိုင်းတာ၊ မူးယစ်ဆေးဝါးလုပ်ငန်းတွေမှာ စေခိုင်းတာ။ အဲဒီလို ကိစ္စတွေက မြန်မာနိုင်ငံမှာ အများကြီးရှိတယ်။  ကျွန်တော်တို့ရဲ့ လေ့လာချက်အရ ဒီခြောက်သိန်း ဆိုတာက သူတို့ တွေ့နိုင်တဲ့ အခြေအနေမျိုး၊ သူတို့ ရရှိနိုင်တဲ့ သတင်းမျိုးပဲ ရှိတာလေးဖြစ်မယ်။ တချို့ ILO တို့ဘာတို့ သွားလာလို့မရသော လက်နက်ကိုင်ဒေသတွေ စစ်ပွဲတွေဖြစ်နေတဲ့ ဒေသတွေက ကလေးတွေ ကျန်နိုင်တယ်။ ထင်သာမြင်သာမရှိသော လုပ်ငန်းတွေမှာ အလုပ်လုပ်နေရတဲ့ အိမ်တွင်းအကူလုပ်သား ကလေးတွေ မပါနိုင်ဘူး။ တကယ်တည်းဆို ဒီထက်ပိုပြီးတော့ များနိုင်ပါတယ်"လို့ ဦးအောင်မျိုးမင်းက ပြောပါတယ်။

"တောင်ယာတို့လို စိုက်ပျိုးရေးလုပ်ငန်းတွေမှာ လုပ်ဆောင်နေရတာ ရှိတယ်။ နောက်ပြီးတော့ စားသောက်ကုန်လုပ်ငန်းတွေမှာ ကလေး စားပွဲထိုးတွေအများကြီး ကျွန်တော်တို့ တွေ့နေရတယ်။ နောက်ပြီးကျတော့ အဆိုးဝါးဆုံးလုပ်ငန်းစေခိုင်းမှုထဲမှာ ပါဝင်တဲ တောင်းရမ်းစားသောက်လုပ်ငန်းတွေမှာ စေခိုင်းတာ၊ မူးယစ်ဆေးဝါး လုပ်ငန်းတွေမှာ စေခိုင်းတာ။ အဲဒီလို ကိစ္စတွေက မြန်မာနိုင်ငံမှာ အများကြီးရှိတယ်။ ကျွန်တော်တို့ရဲ့ လေ့လာချက်အရ ဒီခြောက်သိန်း ဆိုတာက သူတို့ တွေ့နိုင်တဲ့ အခြေအနေမျိုး၊ သူတို့ ရရှိနိုင်တဲ့ သတင်းမျိုးပဲ ရှိတာလေးဖြစ်မယ်။ တချို့ ILO တို့ဘာတို့ သွားလာလို့မရသော လက်နက်ကိုင်ဒေသတွေ စစ်ပွဲတွေဖြစ်နေတဲ့ ဒေသတွေက ကလေးတွေ ကျန်နိုင်တယ်။ ထင်သာမြင်သာမရှိသော လုပ်ငန်းတွေမှာ အလုပ်လုပ်နေရတဲ့ အိမ်တွင်းအကူလုပ်သား ကလေးတွေ မပါနိုင်ဘူး။ တကယ်တည်းဆို ဒီထက်ပိုပြီးတော့ များနိုင်ပါတယ်"လို့ ဦးအောင်မျိုးမင်းက ပြောပါတယ်။

အခုဖြစ်ပေါ်နေတဲ့ COVID-19 အခြေအနေဟာ လူနေမှုဘဝနဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို ထိခိုက်မှုရှိတာကြောင့် ကလေးလုပ်သားအများအပြားပေါ်ထွက်အောင် တွန်းအားပေးလာနိုင်ချေရှိတယ်လို့ လည်း ILO ခန့်မှန်းထားပါတယ်။

သတင်း - မို့မို့အေး
ဓာတ်ပုံ - ILO



| | | |
|---|---|---|
| Headline | : | Tasks to protect rights and safety of child labours will be carried out during COVID-19 period |
| Date | : | 13 June 2020 |
| Media Title | : | Yadanapon Daily |
| Page/Section | : | Cover Page |
| Frequency | : | Daily |
| Language | : | Myanmar |
| PR Value | : | USD 1,800 |
| Summary | : | As part of the World Day Against Child Labour campaign in Myanmar, the Ministry of Labour, Immigration and Population (MoLIP), in collaboration with the ILO, and in partnership with the Embassy of Switzerland, are organizing a series of events throughout Myanmar through until September 30. Photo exhibitions in the Central Railway Station, Dala Ferries and Junction City will open on June 15, while online campaigns and awareness raising activities across various states and regions will take place over the coming months. |

ရတနာပုံ

# မြန်မာနိုင်ငံရှိ ကလေးလုပ်သား ၁ ဒသမ ၁၃ သန်းကို COVID-19ကာလအတွင်း လုံခြုံရေး၊ အကာအကွယ်ပြုရေးနှင့် အခွင့်အရေးများရရှိရန် ဆောင်ရွက်မည်

**မန္တလေး ဇွန် ၁၂**

မြန်မာနိုင်ငံရှိ ကလေးလုပ်သား ၁ ဒသမ ၁၃ သန်းကို COVID-19ကာလအတွင်း လုံခြုံရေး၊ အကာအကွယ်ပြုရေးနှင့် အခွင့်အရေးများရရှိရန် ဆောင်ရွက်မည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ILOá၏ သတင်းများအရ သိရသည်။

မြန်မာနိုင်ငံက အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့(ILO) ၏ ပြဋ္ဌာန်းချက်တစ်ခုဖြစ်သည့် အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်အရွယ် သတ်မှတ်ချက်နှင့်စပ်လျဉ်း၍ တစိုက်မတ်မတ် လုပ်ဆောင်ရေးကို ဇွန် ၈ရက်တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါလုပ်ဆောင်ချက်သည် ဇွန် ၁၂ရက်တွင် ကျရောက်သည့် ကမ္ဘာ့ကလေးလုပ်သားဆန့်ကျင်တိုက်ဖျက်ရေးနေ့အတွက် ထင်ရှားသောလုပ်ဆောင်ချက်ဖြစ်လာပြီး မြန်မာနိုင်ငံရှိ ၁ ဒသမ ၁၃သန်းသော ကလေးလုပ်သားများကို COVID-19ကာလအတွင်း လုံခြုံရေး၊ အကာအကွယ်ပြုရေးနှင့် အခွင့်အရေးဆိုင်ရာ

စာမျက်နှာ ၁၆ ကော်လံ ၁ ■




ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံတွင်ပြသထားသည့် ကမ္ဘာ့ကလေးလုပ်သားဆန့်ကျင်တိုက်ဖျက်ရေးနေ့ပြခန်း ကြည့်ရှုနေသူများကို တွေ့ရစဉ်။

■ **ကလေးလုပ်သားမှ**

ချိုးဖောက်မှုများမှ ကာကွယ်ပေးရေးတို့အတွက် အပြုသဘောဆောင်သော တိုးတက်မှုများကို ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း သိရသည်။

"ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (NAP)ကို အကောင်အထည်ဖော်တာနဲ့ ဇွန် ၈ရက်မှာ အတည်ပြုလက်မှတ်ရေးထိုးတဲ့ အလုပ်လုပ်နိုင်တဲ့ အနိမ့်ဆုံး အသက်အရွယ်သတ်မှတ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက် အမှတ်- ၁၃၈ဟာ မြန်မာနိုင်ငံမှာ ကလေးအလုပ်သမားအဖြစ်ပြတ်ပပျောက်ဖို့ထင်ရှားတဲ့မှတ်တိုင်တစ်ခုပဲဖြစ်ပါတယ်"ဟု အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ဆက်သွယ်ညှိနှိုင်းရေးအရာရှိ Donglin Li က ပြောကြားခဲ့သည်။

ပြဋ္ဌာန်းချက် အမှတ်- ၁၃၈အရ အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်အရွယ် သတ်မှတ်ချက်တွင် မသင်မနေရ ပညာရေးပြီးဆုံးချိန်နှင့်ကိုက်ညီရန် အနိမ့်ဆုံးအသက်အရွယ်ကိုသတ်မှတ်ရန်လိုအပ်ပြီး ပေါ့ပါးသော အလုပ်များနှင့် အနုပညာဖျော်ဖြေမှုများမှအပ မည်သည့်အလုပ်မျိုးတွင်မဆို ဝင်ရောက်လုပ်ကိုင်ခြင်းမှ တားမြစ်ခြင်းတို့ဖြစ်သည်။ ထို့ပြင် အသက် ၁၈နှစ်အောက် ကလေးအလုပ်သမားများကို အန္တရာယ်ရှိသောအလုပ်အကိုင်များ လုပ်ကိုင်ခြင်းမှ တားမြစ်ထားသည်။

မြန်မာနိုင်ငံတွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့် လက်ရှိအလုပ်သမားဥပဒေအရ အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်အရွယ်မှာ အသက် ၁၄နှစ်ဖြစ်သည်။ အဆိုပါကွန်ဗင်းရှင်းအရ နိုင်ငံများတွင် ကလေးအလုပ်သမားများအမြစ်ပြတ်ပပျောက်ရေးအတွက် နိုင်ငံအဆင့်ပေါ်လစီများ ချမှတ်ရမည်ဆိုသောအချက်လည်း ပါဝင်သည်။

မြန်မာနိုင်ငံသည် ၎င်းပြဋ္ဌာန်းချက်ကို သဘောတူလက်မှတ်ရေးထိုးသည့် ၁၇၈နိုင်ငံမြောက်ဖြစ်လာပြီး လက်ရှိတွင် အသက်၅နှစ်မှ ၁၇နှစ်အရွယ် ကလေးအလုပ်သမား ၉ဒသမ ၃ရာခိုင်နှုန်းနှင့် ဘေးအန္တရာယ်ရှိလုပ်ငန်းခွင်တွင် လုပ်ကိုင်နေရသော ကလေးအလုပ်သမား ခြောက်သိန်းကျော်ရှိကြောင်း သိရသည်။

ယခုနှစ် မေလထိ ကိန်းဂဏန်းများအရ မြန်မာနိုင်ငံတွင် လူဦးရေ ခြောက်သောင်းခန့် အလုပ်လက်မဲ့ဘဝသို့ ရောက်ရှိခဲ့ပြီး အခြေအနေများ ပိုမိုဆိုးရွားလာပါက အလုပ်သမားများ၏ လစာဖြတ်တောက်ခြင်းနှင့်ပိုမိုများပြားသော အလုပ်သမားများကို အလုပ်ရပ်စဲခြင်းများနှင့် တွေ့ကြုံရမည်ဖြစ်ကြောင်း သိရသည်။

"ယခုဖြစ်ပေါ်နေတဲ့ COVID-19အခြေအနေတွေကို ကျော်လွှားရမှာဖြစ်ပြီး ၂၀၂၅ ခုနှစ်မှာ ကလေးအလုပ်သမားအလုံးစုံပပျောက်ရေးအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် ၈ ဒသမ ၇ ကိုရရှိအောင် အတူဆက်လက်လုပ်ဆောင်ရမှာဖြစ်ပါတယ်"ဟု Donglin Liက ဆက်လက်ပြောကြားခဲ့သည်။

ILO နှင့် UNICEF တို့က ထုတ်ပြန်သော အစီရင်ခံစာအရ ကမ္ဘာတစ်ဝန်းတွင် ကလေးအလုပ်သမား ၁၅၃သန်းရှိနေပြီး COVID-19 ကာလအတွင်း ပိုမိုအန္တရာယ်ကြီးစွာနှင့် ပုန်းကွယ်စွာဖြင့် လုပ်ကိုင်ရသော လုပ်ငန်းခွင်အခြေအနေမျိုးနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း သိရသည်။ **မဂျက်**

Headline : Myanmar signs up to key international convention on minimum working age

Date : 13 June 2020

Media Title : Standard Time

Page/Section : Page 8

Frequency : Daily

Language : Myanmar

PR Value : USD 1,140

Summary : The development has been heralded as a positive development, particularly in the context of the current COVID-19 crisis, which threatens the rights, safety and development of the estimated 1.13 million children in child labour across the country. The Minimum Age Convention 138 requires countries to set a minimum age aligned with the end of compulsory education and under which no one shall be admitted to work in any occupation except light work and artistic performances.

The Standard Time Daily

# အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်အရွယ် သတ်မှတ်ချက်ကို မြန်မာနိုင်ငံလက်မှတ်ရေးထိုး

ဇော်ဌေးသန်း၊ ရန်ကုန်၊ ဇွန်-၁၂

ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့အကြိုအဖြစ် အပြည်ပြည်ဆိုင်ရာပြဋ္ဌာန်းချက်ဖြစ်သော အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်အရွယ်သတ်မှတ်ချက်ကို မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း ယူနီဆက်(ဖ်)မြန်မာမှ သိရသည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO)၏ ပြဋ္ဌာန်းချက်တစ်ခုဖြစ်သည့် အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်အရွယ်သတ်မှတ်ချက်နှင့်စပ်လျဉ်း၍ တစိုက်မတ်မတ်လုပ်ဆောင်ရေးကို ဇွန် ၈ ရက်တွင် အတည်ပြုလက်မှတ်ရေးထိုးရန် ကတိကဝတ်ပြုလိုက်ခြင်းဖြစ်ပြီး အဆိုပါလုပ်ဆောင်ချက်သည် တစ်နိုင်ငံလုံးရှိ ၁ ဒသမ ၁၃ သန်းသော ကလေးအလုပ်သမားများအား ကိုဗစ်(၁၉)ကာလအတွင်း လုံခြုံရေး၊ အကာအကွယ်ပြုရေးနှင့် အခွင့်အရေးဆိုင်ရာချိုးဖောက်မှုများမှ ကာကွယ်ပေးရေးတို့အတွက် အပြုသဘောဆောင်သော တိုးတက်မှုများကိုဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း ယူနီဆက်(ဖ်)မြန်မာမှ ထုတ်ပြန်ထားသည်။

အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်အရွယ်သတ်မှတ်ချက်တွင် မသင်မနေရ ပညာရေးပြီးဆုံးချိန်နှင့် ကိုက်ညီရန် အနိမ့်ဆုံးအသက်အရွယ်ကို သတ်မှတ်ရန်လိုအပ်ပြီး ပေါ့ပါးသောအလုပ်များနှင့် အနုပညာဖျော်ဖြေမှုများမှအပ မည်သည့်အလုပ်မျိုးတွင်မဆို ဝင်ရောက်လုပ်ကိုင်ခြင်းမှ တားမြစ်ထားပြီး အသက်(၁၈)နှစ်အောက် ကလေးအလုပ်သမားများအား အန္တရာယ်ရှိသော အလုပ်အကိုင်များလုပ်ကိုင်ခြင်းမှ တားမြစ်ထားရာ မြန်မာနိုင်ငံတွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့် လက်ရှိအလုပ်သမား ဥပဒေအရ အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်အရွယ်မှာ အသက်(၁၄)နှစ် ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် အဆိုပါပြဋ္ဌာန်းချက်ကို သဘောတူလက်မှတ်ရေးထိုးသည့် ၁၇၈ နိုင်ငံမြောက် နိုင်ငံဖြစ်လာပြီး လက်ရှိတွင် အသက်ငါးနှစ်မှ(၁၇)နှစ်အရွယ် ကလေးအလုပ်သမား ၉ ဒသမ ၃ ရာခိုင်နှုန်းနှင့်ဘေးအန္တရာယ်ရှိသောလုပ်ငန်းခွင်တွင် လုပ်ကိုင်နေရသော ကလေးအလုပ်သမားပေါင်း ခြောက်သိန်းကျော်ရှိနေကြောင်း ယူနီဆက်(ဖ်)မြန်မာမှ ထုတ်ပြန်ထားသည်။

Scanned with CamScanner

| | | |
|---|---|---|
| Headline | : | Myanmar commits to sign International Labour Organization (ILO) Minimum Age Convention |
| Date | : | 13 June 2020 |
| Media Title | : | Myawaddy |
| Page/Section | : | Page 18 |
| Frequency | : | Daily |
| Language | : | English |
| PR Value | : | USD 900 |
| Summary | : | As of May 2020, more than 60,000 people have already lost their jobs in Myanmar; and as the crisis continues, deeper cuts in workers' salaries or more employment terminations are expected to occur. The ILO, UNICEF and partners are using the World Day Against Child Labour to draw attention to the importance of vigilance and a coordinated response to protect vulnerable children from the pandemic's far-reaching economic and social impact. |

THE GLOBAL NEW LIGHT OF MYANMAR

LABOUR LAW

# Myanmar commits to sign International Labour Organization (ILO) Minimum Age Convention

To welcome the World Day against Child Labour, which falls on 12 June, Myanmar confirmed its commitment to addressing child labour by ratifying the International Labour Organization (ILO) Minimum Age Convention on 8 June.

"There is significant momentum towards preventing and eliminating child labour in Myanmar as it has implemented the National Action Plan on Child Labour and ratified the ILO Convention 138 on the minimum age on June 8," said Donglin Li, Liasion Officer of the ILO.

Under the new Child Rights Law and existing Labour Law, the minimum working age is 14 years of age in Myanmar.

The Convention also requires countries to establish national policies for the elimination of child labour.

Myanmar has become the 178th country that ratified the convention and 9.3 percent of the workforce in Myanmar is between the age 5 and 17. About 600,000 children are working in dangerous conditions in Myanmar.

Countries hold the World Day against Child Labour on 12 June every year and launch campaigns to eliminate child labour by 2025 amid the challenges faced by child workers.

**Kay Kay**

Headline : Myanmar signs up to end child labours in Myanmar
Date : 13 June 2020
Media Title : Myanmar Times
Page/Section : Page 18
Frequency : Daily
Language : Myanmar
PR Value : USD 3,000
Summary : As part of the World Day Against Child Labour campaign in Myanmar, the Ministry of Labour, Immigration and Population (MoLIP), in collaboration with the ILO, and in partnership with the Embassy of Switzerland, are organizing a series of events throughout Myanmar through until September 30. Photo exhibitions in the Central Railway Station, Dala Ferries and Junction City will open on June 15, while online campaigns and awareness raising activities across various states and regions will take place over the coming months.

မြန်မာတိုင်းမ်
MYANMAR TIMES

# ကလေးအလုပ်သမား ပပျောက်ရေး ILO ၏သတ်မှတ်ချက် မြန်မာနိုင်ငံ လက်မှတ်ရေးထိုး



ရန်ကုန် ဇွန် ၁၂

အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်အရွယ်သတ်မှတ်ချက်အပေါ် တစိုက်မတ်မတ်လုပ်ဆောင်နေ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO)၏ပြဋ္ဌာန်းချက် အမှတ် ၁၃၈ သဘောတူညီချက်ကို ၁၇၈ မြောက်နိုင်ငံအဖြစ် ဇွန် ၈ ရက်တွင် မြန်မာနိုင်ငံက အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

လက်မှတ်ရေးထိုးပြီးနောက် လက်ရှိတွင် မြန်မာနိုင်ငံ၏ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေနှင့် အလုပ်သမားဥပဒေအရ အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်အရွယ်မှာ အသက် ၁၄ နှစ်ဟုပြဋ္ဌာန်းထားသော်လည်း အသက်ငါးနှစ်မှ ၁၇ နှစ်အရွယ် ကလေးအလုပ်သမား ၉ ဒသမ ၃ ရာခိုင်နှုန်းနှင့် ဘေးအန္တရာယ်ရှိသောလုပ်ငန်းခွင်တွင် လုပ်ကိုင်နေရသော ကလေးအလုပ်သမားပေါင်း ခြောက်သိန်းကျော်ရှိနေဟု ဖော်ပြထားသည်။

ILO ပြဋ္ဌာန်းချက် အမှတ် ၁၃၈ အရ ထိုအသက်အရွယ်သတ်မှတ်ချက်နှင့် ကိုက်ညီရေးအတွက် အနိမ့်ဆုံးအသက်အရွယ်ကို သတ်မှတ်ရန်လိုအပ်ပြီး ပေါ့ပါးသောအလုပ်များနှင့် အနုပညာဖျော်ဖြေမှုများမှအပ မည်သည့်အလုပ်မျိုးတွင်မဆို ဝင်ရောက်လုပ်ကိုင်ခြင်းမှ တားမြစ်ရမည်ဖြစ်ကြောင်း ILO ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ထို့ပြင် အသက် ၁၈ နှစ်အောက် ကလေးအလုပ်သမားများကို အန္တရာယ်ရှိသော အလုပ်အကိုင်များလုပ်ကိုင်ခြင်းမှတားမြစ်ထားပြီး အဆိုပါကွန်ဗင်းရှင်းအရ နိုင်ငံများတွင် ကလေးအလုပ်သမားများအမြစ်ပြတ် ပပျောက်ရေးချမှတ်ရမည်ဆိုသော အချက်လည်း ပါဝင်သည်။

ယခုနှစ်မေလအထိ ကိန်းဂဏန်းများအရ မြန်မာနိုင်ငံတွင် လူပေါင်းခြောက်သောင်းခန့် အလုပ်လက်မဲ့ဘဝသို့ရောက်ရှိခဲ့ပြီး အခြေအနေများပိုမိုဆိုးရွားလာပါက အလုပ်သမားများ၏ လစာဖြတ်တောက်ခြင်းနှင့် ပိုမိုများပြားသောအလုပ်သမားများအား အလုပ်ရပ်စဲခြင်းအခြေအနေများနှင့် တွေ့ကြုံရမည်ဖြစ်ကြောင်း ခန့်မှန်းသိရှိရသည်ဟု ဆက်လက်ဖော်ပြထားသည်။

"ပြဋ္ဌာန်းချက်အမှတ် ၁၃၈ တွေဟာ မြန်မာနိုင်ငံမှာ ကလေးအလုပ်

မှတ်တိုင်တစ်ခုပဲဖြစ်ပါတယ်။ ယခုဖြစ်ပေါ်နေတဲ့ ကိုဗစ်-၁၉ အခြေအနေတွေကိုကျော်လွှားရမှာဖြစ်ပြီး ၂၀၂၅ ခုနှစ်မှာ ကလေးအလုပ်သမားအလုံးစုံပပျောက်ရေးအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် ၈ ဒသမ ၇ ကိုရရှိအောင် အတူဆက်လက်လုပ်ဆောင်ရမှာဖြစ်ပါတယ်"ဟု ILO ဆက်သွယ်ညှိနှိုင်းရေးအရာရှိ Donglin Li ကပြောသည်။

ILO နှင့် UNICEF တို့ထုတ်ဝေသောအစီရင်ခံစာအရ ကမ္ဘာတစ်ဝန်းတွင် ကလေးအလုပ်သမားပေါင်း ၁၅၃ သန်းရှိနေပြီး COVID-19 ကာလအတွင်း ပိုမိုအန္တရာယ်ကြီးပြီး ပုန်းကွယ်လုပ်ကိုင်ရသောလုပ်ငန်းခွင်အခြေအနေမျိုးနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

ကုလသမဂ္ဂသည် ၂၀၂၁ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာကလေးလုပ်သားပပျောက်ရေးနှစ်အဖြစ် ကြေညာခဲ့ပြီး ထိုရည်မှန်းချက်ပန်းတိုင်သို့ရောက်ရှိရန်အတွက် သိသာထင်ရှားသောတိုးတက်မှုများရရှိနေစဉ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါသည် အစိုးရများနှင့်လူမှုအဖွဲ့အစည်းများ၏ကြိုးပမ်းနေမှုများကို နှောင့်နှေး

| | | |
|---|---|---|
| Headline | : | Myanmar signs up to end child labours in Myanmar |
| Date | : | 12 June 2020 |
| Media Title | : | Myanmar Times |
| Page/Section | : | Online |
| Frequency | : | Daily |
| Language | : | Myanmar |
| PR Value | : | USD 6,000 |
| Summary | : | As part of the World Day Against Child Labour campaign in Myanmar, the Ministry of Labour, Immigration and Population (MoLIP), in collaboration with the ILO, and in partnership with the Embassy of Switzerland, are organizing a series of events throughout Myanmar through until September 30. Photo exhibitions in the Central Railway Station, Dala Ferries and Junction City will open on June 15, while online campaigns and awareness raising activities across various states and regions will take place over the coming months. |

မြန်မာတိုင်းမ်
HEARTBEAT OF THE NATION

# ကလေးအလုပ်သမား ပပျောက်ရေး ILO ၏ သတ်မှတ်ချက် မြန်မာနိုင်ငံ လက်မှတ်ရေးထိုး

တင့်ဇော်ထွန်း | 12 JUN 2020 | မြန်မာတိုင်းမ်နေ့စဉ်



နေပြည်တော်ရှိ မူလတန်းကြိုကျောင်းတစ်ခု၌ ပညာသင်ယူနေသည့် ကလေးငယ်များ။ ဓာတ်ပုံ- အီးပီအေ

ကမ္ဘာတစ်ဝန်း ကလေးအလုပ်သမား ပပျောက်ရေးကို ရည်ရွယ်သည့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ အဖွဲ့ (ILO) ၏ ပြဋ္ဌာန်းချက် အမှတ် ၁၃၈ အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်အရွယ်သတ်မှတ်ချက်အပေါ် တစိုက်မတ်မတ် လုပ်ဆောင်ရေး သဘောတူညီချက်အား ၁၇၈ မြောက်နိုင်ငံအဖြစ် ဇွန် ၈ ရက်တွင် မြန်မာနိုင်ငံက အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြောင်း ယင်းအဖွဲ့က သတင်းထုတ်ပြန်သည်။

လက်မှတ်ရေးထိုးပြီးနောက် လက်ရှိတွင် မြန်မာနိုင်ငံ၏ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေနှင့် အလုပ်သမားဥပဒေအရ အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံး အသက်အရွယ်မှာ အသက် ၁၄ နှစ်ဟု ပြဋ္ဌာန်းထားသော်လည်း အသက် ၅ နှစ်မှ ၁၇ နှစ်အရွယ် က လေးအလုပ်သမား ၉ ဒသမ ၃ ရာခိုင်နှုန်းနှင့် ဘေးအန္တရာယ်ရှိသော လုပ်ငန်းခွင်တွင် လုပ်ကိုင်နေရသော ကလေးအလုပ်သမားပေါင်း ခြောက်သိန်းကျော်ရှိနေသည်ဟု ဖော်ပြထားသည်။

ILO ပြဋ္ဌာန်းချက် အမှတ်-၁၃၈ အရ ထိုအသက်အရွယ် သတ်မှတ်ချက်တွင် မသင်မနေရ ပညာရေးပြီးဆုံးချိန်နှင့် ကိုက်ညီရန် အနိမ့်ဆုံးအသက်အရွယ်ကို သတ်မှတ်ရန် လိုအပ်ပြီး ပေါ့ပါးသော အလုပ်များနှင့် အနုပညာဖျော်ဖြေမှုများမှအပ မည့်သည့် အလုပ်မျိုးတွင်မဆို ဝင်ရောက်လုပ်ကိုင်ခြင်းမှ တားမြစ်ထားသည်။

ထို့အပြင် အသက် ၁၈ နှစ်အောက် ကလေးအလုပ်သမားများအား အန္တရာယ်ရှိသော အလုပ်အကိုင်များ လုပ်ကိုင်ခြင်းမှ တားမြစ်ထားပြီး အဆိုပါကွန်ဗင်းရှင်းအရ နိုင်ငံများ၌ ကလေးအလုပ်သမားများ အမြစ်ပြတ် ပပျောက်ရေးအတွက် နိုင်ငံအဆင့်ပေါ်လစီများ ချမှတ်ရမည်ဆိုသော အချက်လည်း ပါဝင်သည်။

ယခုနှစ် မေလအထိ ကိန်းဂဏန်းများအရ မြန်မာနိုင်ငံတွင် လူပေါင်း (၆)သောင်းခန့် အလုပ်လက်မဲ့ဘဝသို့ ရောက်ရှိခဲ့ပြီး အခြေအနေများ ပိုမိုဆိုးရွားလာပါက အလုပ်သမားများ၏ လစာဖြတ်တောက်ခြင်းနှင့် ပိုမိုများပြားသော အလုပ်သမားများ အလုပ်ရပ်စဲခြင်း အခြေအနေများနှင့် တွေ့ကြုံရဖွယ်ရှိကြောင်း ခန့်မှန်းသိရှိရသည်ဟု ဆက်လက်ဖော်ပြထားသည်။

"ပြဋ္ဌာန်းချက် အမှတ်- ၁၃၈ တွေဟာ မြန်မာနိုင်ငံမှာ ကလေးအလုပ်သမား အမြစ်ပြတ်ပပျောက်ဖို့ ထင်ရှားတဲ့ မှတ်တိုင်တစ်ခုပဲ ဖြစ်ပါတယ်။ ယခုဖြစ်ပေါ်နေတဲ့ ကိုဗစ်-၁၉ အခြေအနေတွေကို ကျော်လွှားရမှာဖြစ်ပြီး ၂၀၂၅ ခုနှစ်မှာ ကလေးအလုပ်သမား အလုံးစုံ ပပျောက်ရေးအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် ၈ ဒသမ ၇ ရရှိအောင် အတူဆက်လက်လုပ်ဆောင်ရမှာ ဖြစ်ပါတယ်" ဟု ILO ဆက်သွယ်ညှိနှိုင်းရေးအရာရှိ Donglin Li က ပြောသည်။

ILO နှင့် UNICEF တို့မှ ထုတ်ဝေသော အစီရင်ခံစာအရ ကမ္ဘာတစ်ဝှမ်းတွင် ကလေးအလုပ်သမားပေါင်း ၁၅၃ သန်းရှိနေပြီး COVID-19 ကပ်ရောဂါကာလအတွင်း ပိုမိုအန္တရာယ်ကြီးစွာနှင့် ပုန်းကွယ်စွာဖြင့် လုပ်ကိုင်ရသော လုပ်ငန်းခွင် အခြေအနေမျိုးနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်ဟု ဆိုသည်။

ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ကို နိုင်ငံအသီးသီးတွင် နှစ်စဉ် ဇွန်လ ၁၂ ရက်တွင် ကျင်းပလျက်ရှိပြီး ကမ္ဘာလုံးဆိုင်ရာ ကလေးအလုပ်သမားများ၏ စိန်ခေါ်မှုများနှင့်ပတ်သက်၍ ၂၀၂၅ ခုနှစ် နောက်ဆုံးထား၍ ကလေး အလုပ်သမားများ ပပျောက်ရေး စုပေါင်းလုပ်ဆောင်ချက်များကို တွန်းအားပေးသည့် လှုပ်ရှားမှုများကို လုပ်ဆောင်လျက်ရှိ သည်။

ကုလသမဂ္ဂသည် ၂၀၂၁ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ ကလေးလုပ်သားပပျောက်ရေးနှစ်အဖြစ် ကြေညာခဲ့ပြီး ထို ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရန်အတွက် သိသာထင်ရှားသော တိုးတက်မှုများရရှိနေစဉ်တွင် ကိုဗစ်-၁၉ ကပ် ရောဂါသည် အစိုးရများနှင့် လူမှုအဖွဲ့အစည်းများ၏ ကြိုးပမ်းနေမှုများကို နှောင့်နှေးကြန့်ကြာစေခဲ့သည်။

ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) သည် မိတ်ဖက်အဖွဲ့အစည်းများကို သက်ဆိုင် ရာ ILO ပြဋ္ဌာန်းချက်များနှင့် အကြံပြုထောက်ခံချက်များ၊ ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းကို အခြေခံ၍ အားထုတ်မှုများတွင် ပူးပေါင်းပါဝင်ရန်နှင့် ကလေးများအားလုံးကို ကလေး အလုပ်သမားများဖြစ်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်ရန်၊ ကိုဗစ်-၁၉ ကပ်ရောဂါအား ကုစားမှုအစီအစဉ်တွင် ကလေးများကို ဦးစားပေးအဆင့်တွင် ထားရှိရန် ဆော်ဩလျက်ရှိသည်။

| | | |
|---|---|---|
| Headline | : | UN warns millions of children are in the situation to become child labours due to COVID-19 |
| Date | : | 12 June 2020 |
| Media Title | : | Eleven |
| Page/Section | : | Online |
| Frequency | : | Daily |
| Language | : | Myanmar |
| PR Value | : | USD 6,000 |
| Summary | : | COVID-19 related factors that are pushing millions of vulnerable children – even those at a very young age – to work in hazardous conditions. The ILO, UNICEF and partners are using the World Day Against Child Labour to draw attention to the importance of vigilance and a coordinated response to protect vulnerable children from the pandemic's far-reaching economic and social impact. |

# ကပ်ရောဂါကြောင့် ကလေးသန်းပေါင်းများစွာ ကလေးလုပ်သားများ ဖြစ်သွားနိုင်သည့် အန္တရာယ်ရှိကြောင်း ကုလသမဂ္ဂ သတိပေး

WORLD



*ဂရိနိုင်ငံ လက်စ်ဘော့ကျွန်းစု၏ မိုရီရာရွှေ့ပြောင်းအခြေချဒုက္ခသည်စခန်းတွင် ကစားနေသောကလေးများအား မတ် ၅ ၌ တွေ့ရစဉ် (Photo: AFP)*

PUBLISHED 12 JUNE 2020 REF: AFP

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကြောင့် ကလေးသန်းပေါင်းများစွာသည် ကလေး လုပ်သားများအဖြစ်သို့ ကျရောက်သွားနိုင်သောအန္တရာယ်ရှိနေကြောင်း ကုလသမဂ္ဂက ဇွန် ၁၂ တွင် သတိပေးခဲ့သည်။ ထို့ပြင် ကလေး လုပ်သားအရေအတွက်သည် ဆယ်စုနှစ် နှစ်ခုအတွင်း ပထမဆုံးအကြိမ် မြင့်တက်နိုင်ဟု ကုလသမဂ္ဂက သတိပေးခဲ့သည်။

ကလေးလုပ်သားများအဖြစ် ပိတ်မိနေ ခဲ့သည့် ကလေးအရေအတွက်သည် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ၉၄ သန်း ကျဆင်းခဲ့ ကြောင်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့(ILO) နှင့် ကလေးသူငယ်များဆိုင်ရာ အေဂျင်စီ (UNICEF) တို့က ပူးတွဲထုတ်ပြန် ခဲ့မှုတွင် ဖော်ပြခဲ့သည်။

သို့သော် COVID-19 ကပ်ရောဂါ ကြောင့် တိုးတက်မှုများ နောက်ကြောင်းပြန် နိုင်သည့် ဖြစ်နိုင်ခြေရှိသောအန္တရာယ်များ ရှိနေကြောင်း ကုလသမဂ္ဂ အေဂျင်စီများက သတိပေးခဲ့ကြသည်။

ထိုကပ်ရောဂါကြောင့် ဆင်းရဲမွဲတေမှု အလွန်အမင်းမြင့်တက်နိုင်ခြေရှိကြောင်း ထို ပူးတွဲထုတ်ပြန်မှုတွင် ထောက်ပြခဲ့သည်။

ကပ်ရောဂါကြောင့် ယခုနှစ်အတွင်း အလွန်အမင်း ဆင်းရဲမွဲတေသူအရေအတွက် သည် သန်း ၆၀ အထိ တစ်ရှိန်ထိုး မြင့်တက် သွားနိုင်ကြောင်း ကမ္ဘာ့ဘဏ်က ခန့်မှန်းထုတ် ပြန်ခဲ့သည်။

ကပ်ရောဂါကြောင့် အိမ်ထောင်စုဝင်ငွေ များသည် အထောက်အပံ့မရဘဲ ကသောင်း ကနင်း ဖြစ်ခဲ့ရကြောင်း၊ ယင်းအိမ်ထောင်စု များအနက် အများအပြားသည် မတတ်သာ သည့်အဆုံး ကလေးလုပ်သားများအဖြစ် ခိုင်း စေခဲ့ကြရကြောင်း ILO အကြီးအကဲ Guy Ryder က ထိုထုတ်ပြန်ချက်တွင် ပြောကြား ခဲ့သည်။

နိုင်ငံအချို့တွင် ဆင်းရဲမွဲတေမှု တစ်ရာခိုင်နှုန်း မြင့်တက်မှုက ကလေးလုပ်သားအရေအတွက်ကို ၀.၇ ရာခိုင်နှုန်းထက်မနည်း မြင့်တက်စေနိုင်သည့် အထောက်အထားများ အား လေ့လာမှုများကို ရည်ညွှန်းလျက် အ လွန်အမင်း ဆင်းရဲမွဲတေမှုနှင့် ကလေးလုပ် သားအရေအတွက် မြင့်တက်မှုတို့အကြား ဆက်နွယ်မှုသည် သိသာရှင်းလင်းနေကြောင်း ထိုပူးတွဲအစီရင်ခံစာတွင် ဖော်ပြခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်းကြောင့် ကလေးလုပ်သားများ ဖြစ်နေပြီးဖြစ်သည့် ကလေးများအား ဆိုးရွားသောအခြေအနေအောက်၌ အလုပ်ချိန် ပိုမိုကြာမြင့်စွာ လုပ်ဆောင်ရနိုင်သောအနေအထားသို့ တွန်းပို့စေ နိုင်ကြောင်း ယင်းအစီရင်ခံစာတွင် အလေးထား ဖော်ပြခဲ့သည်။ အခြားကလေးများသည် ၎င်းင်းတို့၏ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှု တို့ကို ဆိုးဆိုးရွားရွား ခြိမ်းခြောက်နေသော ပုံစံများအောက်တွင် ဖိအားပေး ခိုင်းစေခံရ နိုင်ကြောင်းလည်း ထိုအစီရင်ခံစာက သတိ ပေးခဲ့သည်။

ကပ်ဘေးကာလအတွင်း မိဘတစ်ဦး သို့မဟုတ် နှစ်ဦးစလုံး ဆုံးရှုံးရသောကလေး များသည် မိသားစုဝင်ငွေဦးဆောင်ရှာဖွေရ သူ သို့မဟုတ် ခေါင်းပုံဖြတ်အမြတ်ထုတ်မှုကို ခုခံကာကွယ်နိုင်စွမ်း မရှိသူများအဖြစ် သက် ဆင်းရနိုင်ကြောင်း ပူးတွဲအစီရင်ခံစာ၌ သတိ ပေးဖော်ပြခဲ့သည်။ အထူးသဖြင့် မိန်းကလေး ငယ်များသည် လယ်ယာစိုက်ပျိုးရေးနှင့် အိမ် အကူလုပ်ငန်းများတွင် ခေါင်းပုံဖြတ် အမြတ် ထုတ်မှုကို ခုခံနိုင်စွမ်း ရှိမည်မဟုတ်ပေ။

ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုအား ဟန့်တား ရန်အတွက် စာသင်ကျောင်းများကို ယာယီ ပိတ်ထားရစဉ် နိုင်ငံပေါင်း ၁၃၀ ကျော်မှ ကလေးတစ်ဘီလျံကျော်ကို သက်ရောက်မှုရှိ နေကြောင်း ထိုအေဂျင်စီများ၏ပူးတွဲအစီရင် ခံစာတွင် ဖော်ပြခဲ့သည်။

Ref: AFP

| | | |
|---|---|---|
| Headline | : | More than 600,000 child labours working in hazardous work environments |
| Date | : | 12 June 2020 |
| Media Title | : | DVB |
| Page/Section | : | Online |
| Frequency | : | Daily |
| Language | : | Myanmar |
| PR Value | : | USD 6,000 |
| Summary | : | Myanmar is the 178th country to ratify the convention and has an estimated 9.3% of the child population aged 5 to 17 in child labour, including more than 600,000 working in hazardous work environments. In Myanmar, the minimum working age is 14 years old, as per the new Child Rights Law and existing Labour Law. The Convention also requires countries to establish national policies for the elimination of child labour. |

## ကလေးလုပ်သား ၆ သိန်းခန့် အန္တရာယ်ရှိ လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေရ



By DVB

12 June 2020 Print Email

Like 1.1K Tweet

မြန်မာပြည်တွင်းရှိ အသက် ၁၈ နှစ်အောက် ကလေးလုပ်သား ၁ ဒသမ ၂ သန်းလောက်မှာ ၆ သိန်းလောက်က အန္တရာယ်ရှိတဲ့လုပ်ငန်းခွင်တွေမှာ လုပ်ကိုင်နေရပါတယ်။

လက်ရှိ ပြည်တွင်း ကိုဗစ်၁၉ ရောဂါဖြစ်ပွားမှုအခြေအနေတွေကြောင့် ကလေးလုပ်သားတွေ လျော့နည်းပပျောက်ဖို့ထက် ပို ပြီးများနိုင်တဲ့အခြေအနေတွေကိုသာ ကြုံလာရနိုင်တယ်လို့ အလုပ်သမားအဖွဲ့ချုပ်တွေက သုံးသပ်ထားပါတယ်။

လက်ရှိတော့ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ရဲ့ အလုပ်လုပ်နိုင်တဲ့ အနိမ့်ဆုံးအသက်အရွယ် ပြဋ္ဌာန်း ချက်အမှတ်-၁၃၈ ကို လိုက်နာဆောင်ရွက်ပါ့မယ်လို့ မြန်မာနိုင်ငံက အခု ဇွန် ၈ ရက်နေ့က အတည်ပြုလိုက်ပါတယ်။

ဒီအတည်ပြုချက်အရ အလုပ်လုပ်နိုင်တဲ့ အနိမ့်ဆုံးအသက်အရွယ်ကို ၁၄ နှစ်အဖြစ် သတ်မှတ်ထားပါတယ်။ ဒီသတ်မှတ် ချက်နဲ့အညီ ကလေးလုပ်သားလျော့နည်းပပျောက်ရေး အမျိုးသားအဆင့် ယန္တရားတွေကို ဒုတိယသမ္မတ(၁) က ဦးဆောင် ပြီး လုပ်ဆောင်နေတာဖြစ်တယ်လို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန် ဦးမျိုးအောင်က ပြောပါတယ်။

မြန်မာပြည်တွင်းရှိ ကလေးအလုပ်သမားတွေကို အလုပ်ရုံများအက်ဥပဒေ၊ ဆိုင်များနှင့် အလုပ်ဌာနများ အက်ဥပဒေ စတဲ့ ဥပဒေတွေနဲ့ စည်းကျပ်ဆောင်ရွက်နေတာပါ။ ဒီဥပဒေတွေအရ ၁၄ နှစ်အောက်ကလေးတွေကို လုံးဝအလုပ်ခိုင်းစေခွင့်မရှိပါ ဘူး။

၁၄ နှစ်ကနေ ၁၆ နှစ်ကြားလုပ်သားတွေကို သက်ဆိုင်ရာ ဆရာဝန်တွေရဲ့ ဆေးထောက်ခံချက်နဲ့ ပေါ့ပါးတဲ့အလုပ်တွေကို အလုပ်ချိန် ၄ နာရီသာ ခိုင်းစေရမှာဖြစ်ပါတယ်။ ဒါပေမဲ့ အခြေခံလူတန်းစားများပြားတဲ့ မြန်မာနိုင်ငံအတွက် ဒီဥပဒေတွေပါ သတ်မှတ်ချက်တွေကို လိုက်နာတာမရှိသေးသလို မလိုက်နာတဲ့သူတွေကိုလည်း အရေးယူဆောင်ရွက်နိုင်တဲ့ အနေအထား မရှိသေးပါဘူး။

ဇာခြည်

| | | |
|---|---|---|
| Headline | : | Myanmar signs up to key international convention on minimum working age ahead of the World Day Against Child Labour |
| Date | : | 12 June 2020 |
| Media Title | : | Myanmar Future News |
| Page/Section | : | Social Media News |
| Frequency | : | Daily |
| Language | : | Myanmar |
| PR Value | : | USD 750 |
| Summary | : | Myanmar confirmed its commitment to addressing child labour by ratifying the International Labour Organization (ILO) Minimum Age Convention on 8 June, just ahead of the World Day Against Child Labour on 12 June. The development has been heralded as a positive development, particularly in the context of the current COVID-19 crisis, which threatens the rights, safety and development of the estimated 1.13 million children in child labour across the country. |

**Myanmar Future News**
June 12 at 10:13 AM ·

ILO ရဲ့အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက် အရွယ် သတ်မှတ်ချက်နှင့်စပ်လျဉ်း၍ တစ်စိုက်မတ်မတ် လုပ်ဆောင်ရေး မြန်မာနိုင်ငံ လက်မှတ်ရေးထိုး
===========================================
=

MFN
ရန်ကုန် ၊ ဇွန် ၁၂

မြန်မာနိုင်ငံမှ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) ၏ ပြဋ္ဌာန်းချက်တစ်ခုဖြစ်သည့် အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်အရွယ်သတ်မှတ်ချက်နှင့် စပ်လျဉ်း၍ တစ်စိုက်မတ်မတ် လုပ်ဆောင်ရေးကို ဇွန်လ (၈) ရက်နေ့တွင် အတည်ပြုလက်မှတ်ရေးထိုးရန် ကတိကဝတ်ပြုလိုက်တယ်လို့ ILO မှ သိရပါတယ်။

အဆိုပါ လုပ်ဆောင်ချက်သည် ဇွန်လ (၁၂) ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်ရေးနေ့အကြို ထင်ရှားသော လုပ်ဆောင်ချက်ဖြစ်လာပြီး တစ်နိုင်ငံလုံးရှိ ၁.၁၃ သန်းသော ကလေးအလုပ်သမားများအား ကိုဗစ်-၁၉ ကာလအတွင်း လုံခြုံရေး၊ အကာ အကွယ်ပြုရေးနှင့် အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုများမှ ကာကွယ်ပေးရေးတို့အတွက် အပြုသဘောဆောင်သော တိုးတက်မှုများကို ဖြစ်ပေါ်လာစေမယ်လို့ ILO မှ ဆိုပါတယ်။

ပြဋ္ဌာန်းချက် အမှတ်- ၁၃၈ အရ အလုပ်လုပ်နိုင်သည့်အနိမ့်ဆုံးအသက်အရွယ် သတ်မှတ်ချက်တွင်  က မသင်မနေရ ပညာရေးပြီးဆုံးချိန်နှင့်ကိုက်ညီရန် အနိမ့် ဆုံး အသက်အရွယ်ကို သတ်မှတ်ရန်လိုအပ်ပြီး ပေါ့ပါးသော အလုပ်များနှင့် အနုပညာဖျော်ဖြေမှုများမှ အပ မည်သည့်အလုပ်မျိုးတွင်မဆို ဝင်ရောက်လုပ် ကိုင်ခြင်းမှ တားမြစ်ခြင်းတို့ဖြစ်တယ်လို့ သိရပါတယ်။

ထို့အပြင် အသက် ၁၈ နှစ်အောက် ကလေးအလုပ်သမားများအား အန္တရာယ်ရှိသော အလုပ်အကိုင်များ လုပ်ကိုင်ခြင်းမှ တားမြစ်ထားပြီး မြန်မာနိုင်ငံတွင် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့် လက်ရှိအလုပ်သမားဥပဒေအရ အလုပ်လုပ် နိုင်သည့် အနိမ့်ဆုံး အသက်အရွယ်မှာ အသက် ၁၄ နှစ် ဖြစ်ကာ အဆိုပါကွန်ဗင်းရှင်းအရ နိုင်ငံများတွင် ကလေး အလုပ်သမားများ အမြစ်ပြတ်ပပျောက်ရေးအတွက် နိုင်ငံအဆင်ပေါ် လစီများ ချမှတ်ရမည်ဆိုသော အချက်လည်း ပါဝင်တယ်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ဆက်သွယ်ညှိနှိုင်းရေးအရာရှိ Donglin Li မှ "ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (NAP) ကို အကောင်အထည်ဖော်ခြင်းနဲ့ ဇွန်လ (၈) ရက်နေ့မှာ အတည်ပြုလက်မှတ်ရေးထိုးမည့် အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်အရွယ်သတ်မှတ်ခြင်း ဆိုင်ရာ ပြဋ္ဌာန်း ချက် အမှတ်- ၁၃၈ တွေဟာ မြန်မာနိုင်ငံမှာ ကလေး အလုပ်သမား အမြစ်ပြတ်ပပျောက်ဖို့ ထင်ရှားတဲ့ မှတ် တိုင်တစ်ခုပဲ ဖြစ်ပါတယ်"လို့ ပြောပါတယ်။

ထို့အပြင် "ယခုဖြစ်ပေါ်နေတဲ့ ကိုဗစ်-၁၉ အခြေအနေတွေကို ကျော်လွှားရမှာဖြစ်ပြီး ၂၀၂၅ ခုနှစ်မှာ ကလေးအလုပ်သမားအလုံးစုံ ပပျောက်ရေးအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် ၈.၇ ကို ရရှိအောင် အတူဆက်လက်လုပ်ဆောင်ရမှာ ဖြစ်ပါတယ်" လို့လည်း သူက ဆက်လက်ပြောပါတယ်။

ILO နှင့် UNICEF တို့မှ ထုတ်ဝေသော အစီရင်ခံစာ အရ ကမ္ဘာတစ်ဝှမ်းတွင် ကလေးအလုပ်သမားပေါင်း ၁၅၃ သန်းရှိနေပြီး ကိုဗစ်-၁၉ ကာလအတွင်း ပိုမို အန္တရာယ်ကြီးစွာနှင့် ပုန်းကွယ်စွာဖြင့် လုပ်ကိုင်ရသော လုပ်ငန်းခွင်အခြေအနေမျိုးနှင့် ရင်ဆိုင်ကြုံတွေ့နေရ တယ်လို့လည်း ဆိုပါတယ်။

UNICEF မြန်မာ၏ လက်ထောက်ကိုယ်စားလှယ် Alessandra Dentice ကလည်း "ကျွန်တော်တို့အားလုံး ကိုဗစ်-၁၉ ရဲ့ သက်ရောက်မှုတွေကို အတူတိုက် ထုတ်နေကြသလိုပဲ ကလေးသူငယ်တွေအတွက် ထပ်တိုး ကာကွယ်မှုတွေပေးသွားဖို့ လိုအပ်ပါတယ်။ ဒီလို လုပ်ဆောင်မှုတွေကနေ ကလေးသူငယ်တွေ အန္တရာယ်ရှိတဲ့ အလုပ်စေခိုင်းမှုတွေဆီ တွန်းပို့ခံရခြင်း တွေက တားဆီးနိုင်မှာဖြစ်ပြီး ကျောင်းထွက်ရမယ့် အခြေအနေမျိုးတွေ၊ ကျန်းမာရေးနဲ့ ဘဝနေထိုင်မှုဆိုင်ရာထိခိုက်မှုတွေ လျော့နည်းစေမှာဖြစ်ပါတယ်"လို့ မှ ပြောပါတယ်။

မြန်မာနိုင်ငံသည် ဤပြဋ္ဌာန်းချက်အား သဘောတူလက်မှတ်ရေးထိုးသည့် ၁၇၈ မြောက်နိုင်ငံဖြစ်လာပြီး လက်ရှိတွင် အသက် ၅ နှစ်မှ ၁၇ နှစ်အရွယ် ကလေးအလုပ်သမား ၉.၃ ရာခိုင်နှုန်းနှင့် ဘေးအန္တရာယ်ရှိသော လုပ်ငန်းခွင်တွင် လုပ်ကိုင်နေရသော ကလေးအလုပ်သမားပေါင်း (၆) သိန်းကျော်ရှိတယ်လို့လည်း ILO မှ သိရပါတယ်။

Photo- UN



| | | |
|---|---|---|
| Headline | : | COVID-19: Protect children from child labour, now more than ever |
| Date | : | 12 June 2020 |
| Media Title | : | Global New Light of Myanmar |
| Page/Section | : | Page 8 and 9 |
| Frequency | : | Daily |
| Language | : | English |
| PR Value | : | USD 4,320 |
| Summary | : | As of May 2020, more than 60,000 people have already lost their jobs in Myanmar; and as the crisis continues, deeper cuts in workers' salaries or more employment terminations are expected to occur. The ILO, UNICEF and partners are using the World Day Against Child Labour to draw attention to the importance of vigilance and a coordinated response to protect vulnerable children from the pandemic's far-reaching economic and social impact. |

THE GLOBAL NEW LIGHT OF MYANMAR



# COVID-19: Protect children from child labour, now more than ever

Almost one in ten of all children worldwide are in child labour. While the number of children in child labour has declined by 94 million since 2000, the rate of reduction slowed by two-thirds in recent years. Target 8.7 of the UN Sustainable Development Goals calls for an end to child labour in all its forms by 2025. How can the world community get firmly on track toward eliminating child labour?

WORLD DAY Against Child Labour 2020 focuses on the impact of crisis on child labour. The COVID-19 health pandemic and the resulting economic and labour market shock are having a huge impact on people's lives and livelihoods. Unfortunately, children are often the first to suffer. The crisis can push millions of vulnerable children into child labour. Already, there are an estimated 152 million children in child labour, 72 million of which are in hazardous work. These children are now at even greater risk of facing circumstances that are even more difficult and working longer hours.

This year, the World Day is conducted as a virtual campaign and is being organized jointly with the Global March Against Child Labour and the International Partnership for Cooperation on Child Labour in Agriculture (IPCCLA).

A joint ILO-UNICEF paper on the impact of COVID-19 on child labour, to be released on 12 June, looks at some of the main channels through which the pandemic is likely to affect progress towards the eradication of child labour.


**Prevalence of child labour**

Children around the world are routinely engaged in paid and unpaid forms of work that are not harmful to them. However, they are classified as child labourers when they are either too young to work, or are involved in hazardous activities that may compromise their physical, mental, social or educational development. In the least developed countries, slightly more than one in four children (ages 5 to 17) are engaged in labour that is considered detrimental to their health and development.

Africa ranks highest among regions both in the percentage of children in child labour — one-fifth — and the absolute number of children in child labour — 72 million.



Children play near an apartment complex on the outskirts of Yangon on 29 July, 2019. **PHOTO: AFP**




The COVID-19 health pandemic and the resulting economic and labour market shock are having a huge impact on people's lives and livelihoods. Unfortunately, children are often the first to suffer. The crisis can push millions of vulnerable children into child labour.

Asia and the Pacific ranks second highest in both these measures — 7% of all children and 62 million in absolute terms are in child labour in this region.

The Africa and the Asia and the Pacific regions together account for almost nine out of every ten children in child labour worldwide. The remaining child labour population is divided among the Americas (11 million), Europe and Central Asia (6 million), and the Arab States (1 million). In terms of incidence, 5% of children are in child labour in the Americas, 4% in Europe and Central Asia, and 3% in the Arab States.

While the percentage of children in child labour is highest in low-income countries, their numbers are actually greater in middle-income countries. 9% all children in lower-middle-income countries, and 7% of all children in upper-middle-income countries, are in child labour. Statistics on the absolute number of children in child labour in each national income grouping indicate that 84 million children in child labour, accounting for 56% of all those in child labour, actually live in middle-income countries, and an additional 2 million live in high-income countries.

**Did You Know?**

Almost one in ten of all children worldwide are in child labour. While the number of children in child labour has declined by 94 million since 2000, the rate of reduction slowed by two-thirds in recent years.

*152 million children between the ages of 5-17 were in child labour, almost half of them in hazardous child labour.*

Almost half (48%) of the victims of child labour were aged 5-11; 28% were 12-14 years old; and 24% were 15-17 years old.

Child labour is concentrated primarily in agriculture (71%) - this includes fishing, forestry, livestock herding and aquaculture - 17% in services; and 12% in the industrial sector, including mining.

Courtesy UN

Scanned with CamScanner

| | | |
|---|---|---|
| Headline | : | COVID-19: Protect children from child labour, now more than ever |
| Date | : | 12 June 2020 |
| Media Title | : | Myanmar Digital News |
| Page/Section | : | - |
| Frequency | : | Daily |
| Language | : | Myanmar |
| PR Value | : | USD 2,000 |
| Summary | : | Donglin Li, ILO Liaison Officer, called for continuous action and support to ongoing national efforts in combating child labour. “There is significant momentum towards preventing and eliminating child labour in Myanmar as it has implemented the National Action Plan on Child Labour and ratified the ILO Convention 138 on the minimum age on June 8,” Li said. |

MYANMAR Digital News
Presented by NPE

## ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အကြိုအဖြစ် အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်ဖြစ်သော အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်အရွယ် သတ်မှတ်ချက်ကို မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုး

သောကြာနေ့, 06/12/2020 12:04

ပြည်တွင်း

မန္တလေး ၁၂ ဇွန် ဇွန်လ (၁၂) ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်ရေးနေ့ အကြိုအဖြစ် အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်အရွယ် သတ်မှတ်ချက်ကို မြန်မာနိုင်ငံမှ အတည်ပြုလက်မှတ်ရေးထိုးရန် ကတိကဝတ်ပြု လိုက်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံမှ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)မှ ယနေ့ သတင်းထုတ်ပြန်လိုက်သည်။ အဆိုပါလုပ်ဆောင်ချက်သည် တစ်နိုင်ငံလုံးရှိ ၁ ဒသမ ၁၃ သန်းသော ကလေးအလုပ်သမားများအား ကိုဗစ်-၁၉ ကာလအတွင်း လုံခြုံရေး၊ အကာအကွယ်ပြုရေးနှင့် အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုများမှ ကာကွယ်ပေးရေးတို့အတွက် အပြုသဘောဆောင်သော တိုးတက်မှုများကို ဖြစ်ပေါ် လာစေမည် ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ဆက်သွယ်ညှိနှိုင်းရေးအရာရှိ Donglin Li မှ “ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (NAP) ကို အကောင်အထည်ဖော်ခြင်းနဲ့ ဇွန် ၈ ရက်နေ့က အတည်ပြုလက်မှတ်ရေးထိုးသည့် အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်အရွယ်သတ်မှတ်ခြင်း ဆိုင်ရာ ပြဋ္ဌာန်းချက် အမှတ်-၁၃၈ တွေဟာ မြန်မာနိုင်ငံမှာ ကလေးအလုပ်သမား အမြစ်ပြတ် ပပျောက်ဖို့ ထင်ရှားတဲ့မှတ်တိုင်တစ်ခုပဲ ဖြစ်ပါတယ်။” ဟု ပြောကြားခဲ့သည်။ ထို့အပြင် “ယခုဖြစ်ပေါ်နေတဲ့ ကိုဗစ်-၁၉ အခြေအနေတွေကို ကျော်လွှားရမှာဖြစ်ပြီး ၂၀၂၅ ခုနှစ်မှာ ကလေးအလုပ်သမားအလုံးစုံ ပပျောက်ရေးအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် ၈ ဒသမ ၇ ကို ရရှိအောင် အတူဆက်လက်လုပ်ဆောင်ရမှာ ဖြစ်ပါတယ်” ဟု ဆက်လက်ပြောကြားခဲ့သည်။ ပြဋ္ဌာန်းချက် အမှတ်-၁၃၈ အရ အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်အရွယ် သတ်မှတ်ချက်တွင် မသင်မနေရ ပညာရေးပြီးဆုံးချိန်နှင့် ကိုက်ညီရန် အနိမ့်ဆုံးအသက်အရွယ်ကို သတ်မှတ်ရန်လိုအပ်ပြီး ပေါ့ပါးသောအလုပ်များနှင့် အနုပညာဖျော်ဖြေမှုများမှအပ မည့်သည့်အလုပ်မျိုးတွင်မဆို ဝင်ရောက် လုပ်ကိုင်ခြင်းမှ တားမြစ်ခြင်းတို့ဖြစ်သည်။ ထို့အပြင် အသက် ၁၈ နှစ်အောက် ကလေးအလုပ်သမားများအား အန္တရာယ်ရှိသော အလုပ်အကိုင်များ လုပ်ကိုင်ခြင်းမှ တားမြစ်ထားသည်။ မြန်မာနိုင်ငံတွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့် လက်ရှိအလုပ်သမားဥပဒေအရ အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံး အသက်အရွယ်မှာ အသက် ၁၄ နှစ်ဖြစ်သည်။ အဆိုပါကွန်ဗင်းရှင်းအရ နိုင်ငံများတွင် ကလေးအလုပ်သမားများ အမြစ်ပြတ် ပပျောက်ရေးအတွက် နိုင်ငံအဆင့်ပေါ်လစီများ ချမှတ်ရမည်ဆိုသော အချက်လည်း ပါဝင်သည်။ မြန်မာနိုင်ငံသည် ဤပြဋ္ဌာန်းချက်အား သဘောတူလက်မှတ်ရေးထိုးသည့် ၁၇၈ မြောက်နိုင်ငံဖြစ်လာပြီး လက်ရှိတွင် အသက် ၅ နှစ်မှ ၁၇ နှစ်အရွယ် ကလေးအလုပ်သမား ၉ ဒသမ ၃ ရာခိုင်နှုန်းနှင့် ဘေးအန္တရာယ်ရှိသော လုပ်ငန်းခွင်တွင် လုပ်ကိုင်နေရသော ကလေးအလုပ်သမားပေါင်း (၆) သိန်းကျော်ရှိသည်။ ILO

ကလေးအလုပ်သမားပေါင်း (၆) သိန်းကျော်ရှိသည်။ ILO
နှင့် UNICEF တို့မှ ထုတ်ဝေသော အစီရင်ခံစာ အရ ကမ္ဘာတစ်ဝှမ်းတွင် ကလေးအလုပ်သမားပေါင်း ၁၅၃ သန်းရှိနေပြီး ကိုဗစ်-၁၉ ကာလအတွင်း ပိုမိုအန္တရာယ်ကြီးစွာနှင့် ပုန်းကွယ်စွာဖြင့် လုပ်ကိုင်ရသော လုပ်ငန်းခွင်အခြေအနေမျိုးနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ စားဝတ်နေရေး အခက်အခဲများ၊ မိသားစုဝင်များ နေထိုင်မကောင်းဖြစ်ခြင်း သို့မဟုတ် သေဆုံးခြင်း စသည့် ဆိုးဝါးလာသော အခြေအနေများသည် ကလေးများအား ကျောင်းပညာရေးနှင့် အလှမ်းဝေးစေရန် တွန်းအားပေးလျက်ရှိရုံသာမက မိဘမဲ့ဘဝသို့ ရောက်ရှိသွားခြင်း၊ ငွေကြေးအခက်အခဲနှင့် ရင်ဆိုင်စေခြင်းတို့သည် ကိုဗစ်-၁၉ နှင့် ဆက်နွှယ်လျက်ရှိသော အကြောင်းရင်းများ ဖြစ်သည်။ အဆိုပါအခြေအနေများသည် သန်းပေါင်းများစွာသော ကလေးသူငယ်များကို ငယ်ရွယ်သော အချိန်မှာပင် အန္တရာယ်ရှိသော လုပ်ငန်းခွင်များသို့ တွန်းပို့လျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ် မေလ အထိ ကိန်းဂဏန်းများအရ မြန်မာနိုင်ငံတွင် လူပေါင်း (၆)သောင်းခန့် အလုပ်လက်မဲ့ဘဝသို့ ရောက်ရှိခဲ့ပြီး အခြေအနေများ ပိုမိုဆိုးရွားလာပါက အလုပ်သမားများ၏ လစာဖြတ်တောက်ခြင်းနှင့် ပိုမိုများပြားသော အလုပ်သမားများအား အလုပ်ရပ်စဲခြင်း အခြေအနေများနှင့် တွေ့ကြုံရမည်ဖြစ်ကြောင်း ခန့်မှန်းသိရှိရသည်။ ILO၊ UNICEF အပါအဝင် မိတ်ဖက်အဖွဲ့အစည်းများသည် သတိထားစောင့်ကြည့်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ချက်များ၏ အရေးပါမှုများအပေါ် ဦးစားပေးလုပ်ဆောင်လာစေရန် ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်ရေးနေ့အား ကြိုဆိုသောအားဖြင့် လုပ်ဆောင်လျက်ရှိပြီး ကလေးသူငယ်များအား ကမ္ဘာ့ကပ်ရောဂါကြောင့် စီးပွားရေးနှင့် လူမှုရေးသက်ရောက်မှုများမှ အကာအကွယ်ပြုရန် ရည်ရွယ်သည်။ “ကျွန်တော်တို့အားလုံး ကိုဗစ်-၁၉ ရဲ့ သက်ရောက်မှုတွေကို အတူတိုက်ထုတ်နေကြသလိုပဲ ကလေးသူငယ်တွေအတွက် ထပ်တိုးကာကွယ်မှုတွေပေးသွားဖို့ လိုအပ်ပါတယ်။ ဒီလိုလုပ်ဆောင်မှုတွေကနေ ကလေးသူငယ်တွေ အန္တရာယ်ရှိတဲ့ အလုပ်စေခိုင်းမှုတွေဆီ တွန်းပို့ခံရခြင်းတွေက တားဆီးနိုင်မှာဖြစ်ပြီး ကျောင်းထွက်ရမယ့် အခြေအနေမျိုးတွေ၊ ကျန်းမာရေးနဲ့ ဘဝနေထိုင်မှုဆိုင်ရာ ထိခိုက်မှုတွေ လျော့နည်းစေမှာဖြစ်ပါတယ်” ဟု UNICEF မြန်မာ၏ လက်ထောက်ကိုယ်စားလှယ် Alessandra Dentice မှ ပြောကြားသည်။ မြန်မာနိုင်ငံသည် ကလေးအလုပ်သမားများအား အဆိုးရွားဆုံးပုံစံဖြင့် စေခိုင်းခြင်းကို ကာကွယ်သည့် ILO ပြဋ္ဌာန်းချက်အမှတ် ၁၈၂ ကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာတွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့သည်။ မေသက်ထား

| | | |
|---|---|---|
| Headline | : | COVID-19: Protect children from child labour, now more than ever |
| Date | : | 12 June 2020 |
| Media Title | : | Myanmar Digital News |
| Page/Section | : | Online |
| Frequency | : | Daily |
| Language | : | Myanmar |
| PR Value | : | USD 4,000 |
| Summary | : | Donglin Li, ILO Liaison Officer, called for continuous action and support to ongoing national efforts in combating child labour. “There is significant momentum towards preventing and eliminating child labour in Myanmar as it has implemented the National Action Plan on Child Labour and ratified the ILO Convention 138 on the minimum age on June 8,” Li said. |

MYANMAR DigitalNews Presented by NPE

**ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အကြိုအဖြစ် အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်ဖြစ်သော အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်အရွယ် သတ်မှတ်ချက်ကို မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုး**

Jun 12,2020 | 12:04 |

ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အကြိုအဖြစ် အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်ဖြစ်သော အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်အရွယ် သတ်မှတ်ချက်ကို မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုး



မန္တလေး ၁၂ ဇွန်

ဇွန်လ (၁၂) ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်ရေးနေ့အကြိုအဖြစ် အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံး အသက်အရွယ် သတ်မှတ်ချက်ကို မြန်မာနိုင်ငံမှ အတည်ပြု လက်မှတ်ရေးထိုးရန် ကတိကဝတ်ပြု လိုက်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံမှ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)မှ ယနေ့ သတင်းထုတ်ပြန်လိုက်သည်။

အဆိုပါ လုပ်ဆောင်ချက်သည် တစ်နိုင်ငံလုံးရှိ ၁ ဒသမ ၁၃ သန်းသော ကလေးအလုပ်သမားများအား ကိုဗစ်-၁၉ ကာလအတွင်း လုံခြုံရေး၊ အကာအကွယ်ပြုရေးနှင့် အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုများမှ ကာကွယ်ပေးရေးတို့အတွက် အပြုသဘောဆောင်သော တိုးတက်မှုများကို ဖြစ်ပေါ် လာစေမည် ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ဆက်သွယ်ညှိနှိုင်းရေးအရာရှိ Donglin Li မှ "ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် (NAP) ကို အကောင်အထည်ဖော်ခြင်းနဲ့ ဇွန် ၈ ရက်နေ့က အတည်ပြုလက်မှတ်ရေးထိုးသည့် အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံး အသက်အရွယ်သတ်မှတ်ခြင်း ဆိုင်ရာပြဋ္ဌာန်းချက် အမှတ်- ၁၃၈ တွေဟာ မြန်မာနိုင်ငံမှာ ကလေးအလုပ်သမား အမြစ်ပြတ် ပပျောက်ဖို့ ထင်ရှားတဲ့မှတ်တိုင်တစ်ခုပဲ ဖြစ်ပါတယ်။" ဟု ပြောကြားခဲ့သည်။ ထို့အပြင် "ယခုဖြစ်ပေါ်နေတဲ့ ကိုဗစ်-၁၉ အခြေအနေတွေကို ကျော်လွှားရမှာဖြစ်ပြီး ၂၀၂၅ ခုနှစ်မှာ ကလေးအလုပ်သမားအလုံးစုံ ပပျောက်ရေးအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် ၈ ဒသမ ၇ ကို ရရှိအောင် အဟုန်ဆက်လက်လုပ်ဆောင်ရမှာ ဖြစ်ပါတယ်" ဟု ဆက်လက်ပြောကြားခဲ့သည်။

ပြဋ္ဌာန်းချက် အမှတ်- ၁၃၈ အရ အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်အရွယ် သတ်မှတ်ချက်တွင် မသင်မနေရ ပညာရေးပြီးဆုံးချိန်နှင့် ကိုက်ညီရန် အနိမ့်ဆုံးအသက်အရွယ်ကို သတ်မှတ်ရန်လိုအပ်ပြီး ပေါ့ပါးသောအလုပ်များနှင့် အနုပညာဖျော်ဖြေမှုများမှအပ မည်သည့်အလုပ်မျိုးတွင်မဆို ဝင်ရောက် လုပ်ကိုင်ခြင်းမှ တားမြစ်ခြင်းတို့ဖြစ်သည်။

ထို့အပြင် အသက် ၁၈ နှစ်အောက် ကလေးအလုပ်သမားများအား အန္တရာယ်ရှိသော အလုပ်အကိုင်များ လုပ်ကိုင်ခြင်းမှ တားမြစ်ထားသည်။ မြန်မာနိုင်ငံတွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့် လက်ရှိအလုပ်သမားဥပဒေအရ အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံး အသက်အရွယ်မှာ အသက် ၁၄ နှစ် ဖြစ်သည်။ အဆိုပါကွန်ဗင်းရှင်းအရ နိုင်ငံများတွင် ကလေးအလုပ်သမားများ အမြစ်ပြတ် ပပျောက်ရေးအတွက် နိုင်ငံအဆင့်ပေါ်လစီများ ချမှတ်ရမည်ဆိုသော အချက်လည်း ပါဝင်သည်။

မြန်မာနိုင်ငံသည် ဤပြဋ္ဌာန်းချက်အား သဘောတူလက်မှတ်ရေးထိုးသည့် ၁၇၈ မြောက်နိုင်ငံဖြစ်လာပြီး လက်ရှိတွင် အသက် ၅ နှစ်မှ ၁၇ နှစ်အရွယ် ကလေးအလုပ်သမား ၉ ဒသမ ၃ ရာခိုင်နှုန်းနှင့် ဘေးအန္တရာယ်ရှိသော လုပ်ငန်းခွင်တွင် လုပ်ကိုင်နေရသော ကလေးအလုပ်သမားပေါင်း (၆) သိန်းကျော်ရှိသည်။

ILO နှင့် UNICEF တို့မှ ထုတ်ဝေသော အစီရင်ခံစာ အရ ကမ္ဘာတစ်ဝှမ်းတွင် ကလေးအလုပ်သမားပေါင်း ၁၅၃ သန်းရှိနေပြီး ကိုဗစ်-၁၉ ကာလအတွင်း ပိုမိုအန္တရာယ်ကြီးစွာနှင့် ပုန်းကွယ်စွာဖြင့် လုပ်ကိုင်ရသော လုပ်ငန်းခွင်အခြေအနေမျိုးနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

စားဝတ်နေရေး အခက်အခဲများ၊ မိသားစုဝင်များ နေထိုင်မကောင်းဖြစ်ခြင်း သို့မဟုတ် သေဆုံးခြင်း စသည့် ဆိုးဝါးလာသော အခြေအနေများသည် ကလေးများအား ကျောင်းပညာရေးနှင့် အလုမ်းဝေးစေရန် တွန်းအားပေးလျက်ရှိရုံသာမက မိဘမဲ့ဘဝသို့ ရောက်ရှိသွားခြင်း၊ ငွေကြေးအခက်အခဲနှင့် ရင်ဆိုင်စေခြင်းတို့သည် ကိုဗစ်-၁၉ နှင့် ဆက်နွယ်လျက်ရှိသော အကြောင်းရင်းများ ဖြစ်သည်။

အဆိုပါအခြေအနေများသည် သန်းပေါင်းများစွာသော ကလေးသူငယ်များကို ငယ်ရွယ်သော အချိန်မှာပင် အန္တရာယ်ရှိသော လုပ်ငန်းခွင်များသို့ တွန်းပို့လျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ် မေလ အထိ ကိန်းဂဏန်းများအရ မြန်မာနိုင်ငံတွင် လူပေါင်း (၆)သောင်းခန့် အလုပ်လက်မဲ့ဘဝသို့ ရောက်ရှိခဲ့ပြီး အခြေအနေများ ပိုမိုဆိုးရွားလာပါက အလုပ်သမားများ၏ လစာဖြတ်တောက်ခြင်းနှင့် ပိုမိုများပြားသော အလုပ်သမားများအား အလုပ်ရပ်စဲခြင်း အခြေအနေများနှင့် တွေ့ကြုံရမည်ဖြစ်ကြောင်း ခန့်မှန်းသိရှိရသည်။

ILO၊ UNICEF အပါအဝင် မိတ်ဖက်အဖွဲ့အစည်းများသည် သတိထားစောင့်ကြည့်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ချက်များ၏ အရေးပါမှုများအပေါ် ဦးစားပေးလုပ်ဆောင်လာစေရန် ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်ရေးနေ့အား ကြိုဆိုသောအားဖြင့် လုပ်ဆောင်လျက်ရှိပြီး ကလေးသူငယ်များအား ကမ္ဘာ့ကပ်ရောဂါကြောင့် စီးပွားရေးနှင့် လူမှုရေးသက်ရောက်မှုများမှ အကာအကွယ်ပြုရန် ရည်ရွယ်သည်။

"ကျွန်တော်တို့အားလုံး ကိုဗစ်-၁၉ ရဲ့ သက်ရောက်မှုတွေကို အတူတိုက်ထုတ်နေကြသလိုပဲ ကလေးသူငယ်တွေအတွက် ထပ်တိုးကာကွယ်မှုတွေပေးသွားဖို့ လိုအပ်ပါတယ်။ ဒီလိုလုပ်ဆောင်မှုတွေကနေ ကလေးသူငယ်တွေ အန္တရာယ်ရှိတဲ့ အလုပ်စေခိုင်းမှုတွေဆီ တွန်းပို့ခံရခြင်းတွေ

က တားဆီးနိုင်မှာဖြစ်ပြီး ကျောင်းထွက်ရမယ့် အခြေအနေမျိုးတွေ၊ ကျန်းမာရေးနဲ့ ဘဝနေထိုင်မှုဆိုင်ရာ ထိခိုက်မှုတွေ လျော့နည်းစေမှာဖြစ်ပါတယ်" ဟု UNICEF မြန်မာ၏ လက်ထောက်ကိုယ်စားလှယ် Alessandra Dentice မှ ပြောကြားသည်။

မြန်မာနိုင်ငံသည် ကလေးအလုပ်သမားများအား အဆိုးရွားဆုံးပုံစံဖြင့် စေခိုင်းခြင်းကို ကာကွယ်သည့် ILO ပြဋ္ဌာန်းချက်အမှတ် ၁၈၂ ကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာတွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့သည်။

မေသက်ထား

| | | |
|---|---|---|
| Headline | : | Myanmar signs up to key international convention on minimum working age ahead of the World Day Against Child Labour |
| Date | : | 12 June 2020 |
| Media Title | : | Future Light News |
| Page/Section | : | Social Media News |
| Frequency | : | Daily |
| Language | : | Myanmar |
| PR Value | : | USD 750 |
| Summary | : | Myanmar confirmed its commitment to addressing child labour by ratifying the International Labour Organization (ILO) Minimum Age Convention on 8 June, just ahead of the World Day Against Child Labour on 12 June. |

**Future Light News**
June 12 at 3:02 PM ·

ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့အကြိုအဖြစ် အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်ဖြစ်သော အလုပ်လုပ်နိုင်သည့်အနိမ့်ဆုံးအသက်အရွယ် သတ်မှတ်ချက်ကို မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုး

ဇွန် - ၁၁၊ ၂၀၂၀

မြန်မာနိုင်ငံမှ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) ၏ ပြဋ္ဌာန်းချက် တစ်ခုဖြစ်သည့် အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်အရွယ် သတ်မှတ်ချက်နှင့်စပ်လျဉ်း၍ တစ်စိုက်မတ်မတ် လုပ်ဆောင်ရေးကို ဇွန်လ (၈) ရက်နေ့တွင် အတည်ပြုလက်မှတ်ရေးထိုးရန် ကတိကဝတ်ပြုလိုက်ပါသည်။ ...
**See More**



| | | |
|---|---|---|
| Headline | : | Myanmar signs up to key international convention on minimum working age ahead of the World Day Against Child Labour |
| Date | : | 12 June 2020 |
| Media Title | : | Upper Myanmar News |
| Page/Section | : | [Social Media News](Social Media News) |
| Frequency | : | Daily |
| Language | : | Myanmar |
| PR Value | : | USD 750 |
| Summary | : | Loss of livelihood, an illness or death in the family, displacement, and the raft of upheavals which are driving children out of school, orphaned or in financial troubles, are some of the COVID-19 related factors that are pushing millions of vulnerable children – even those at a very young age – to work in hazardous conditions. |

**အထက်မြန်မာသတင်းဂျာနယ်**

June 12 at 3:14 PM ·

ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့အကြိုအဖြစ် အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်ဖြစ်သော အလုပ်လုပ်နိုင်သည့်အနိမ့်ဆုံးအသက်အရွယ် သတ်မှတ်ချက်ကို မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုး

ရန်ကုန်။ ။ ဇွန် ၁၂၊ ၂၀၂၀။
ဇွန်လ (၁၂) ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်ရေးနေ့အကြို အဖြစ် အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်အရွယ်သတ်မှတ်ချက်ကို မြန်မာနိုင်ငံမှ အတည်ပြုလက်မှတ်ရေးထိုးရန် ကတိကဝတ်ပြု လိုက်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံမှ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO)မှ ယနေ့ သတင်းထုတ်ပြန်လိုက်သည်။

အဆိုပါ လုပ်ဆောင်ချက်သည် တစ်နိုင်ငံလုံးရှိ ၁.၁၃ သန်းသော ကလေးအလုပ်သမားများအား ကိုဗစ်-၁၉ ကာလအတွင်း လုံခြုံရေး၊ အကာအကွယ်ပြုရေးနှင့် အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုများမှ ကာကွယ်ပေးရေးတို့အတွက် အပြုသဘောဆောင်သော တိုးတက်မှုများကို ဖြစ်ပေါ်လာစေမည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ဆက်သွယ်ညှိနှိုင်းရေးအရာရှိ Donglin Li မှ "ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (NAP) ကို အကောင်အထည်ဖော်ခြင်းနဲ့ ဇွန်လ (၈) ရက်နေ့မှာ အတည်ပြုလက်မှတ်ရေးထိုးမည့် အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်အရွယ်သတ်မှတ်ခြင်း ဆိုင်ရာ ပြဋ္ဌာန်းချက် အမှတ်- ၁၃၈ တွေဟာ မြန်မာနိုင်ငံမှာ ကလေးအလုပ်သမား အမြစ်ပြတ်ပပျောက်ဖို့ ထင်ရှားတဲ့မှတ်တိုင်တစ်ခုပဲ ဖြစ်ပါတယ်။" ဟု ပြောကြားခဲ့သည်။ ထို့အပြင် "ယခုဖြစ်ပေါ်နေတဲ့ ကိုဗစ်-၁၉ အခြေအနေတွေကို ကျော်လွှားရမှာဖြစ်ပြီး ၂၀၂၅ ခုနှစ်မှာ ကလေးအလုပ်သမားအလုံးစုံ ပပျောက်ရေးအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် ၈.၇ ကို ရရှိအောင် အတူဆက်လက်လုပ်ဆောင်ရမှာ ဖြစ်ပါတယ်" ဟု ဆက်လက်ပြောကြားခဲ့သည်။

ပြဋ္ဌာန်းချက် အမှတ်- ၁၃၈ အရ အလုပ်လုပ်နိုင်သည့်အနိမ့်ဆုံးအသက်အရွယ်သတ်မှတ်ချက်တွင် မသင်မနေရ ပညာရေးပြီးဆုံးချိန်နှင့်ကိုက်ညီရန် အနိမ့်ဆုံးအသက်အရွယ်ကို သတ်မှတ်ရန်လိုအပ်ပြီး ပေါ့ပါးသောအလုပ်များနှင့် အနုပညာဖျော်ဖြေမှုများမှအပ မည့်သည့်အလုပ်မျိုးတွင်မဆို ဝင်ရောက်လုပ်ကိုင်ခြင်းမှ တားမြစ်ခြင်းတို့ဖြစ်သည်။

ထို့အပြင် အသက် ၁၈ နှစ်အောက် ကလေးအလုပ်သမားများအား အန္တရာယ်ရှိသောအလုပ်အကိုင်များ လုပ်ကိုင်ခြင်းမှ တားမြစ်ထားသည်။ မြန်မာနိုင်ငံတွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့် လက်ရှိအလုပ်သမားဥပဒေအရ

အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံး အသက်အရွယ်မှာ အသက် ၁၄ နှစ် ဖြစ်သည်။ အဆိုပါကွန်ဗင်းရှင်းအရ နိုင်ငံများတွင် ကလေးအလုပ်သမားများ အမြစ်ပြတ် ပပျောက်ရေးအတွက် နိုင်ငံအဆင့်ပေါ်လစီများ ချမှတ်ရမည်ဆိုသော အချက်လည်း ပါဝင်သည်။

မြန်မာနိုင်ငံသည် ဤပြဋ္ဌာန်းချက်အား သဘောတူလက်မှတ်ရေးထိုးသည့် ၁၇၈ မြောက်နိုင်ငံဖြစ်လာပြီး လက်ရှိတွင် အသက် ၅ နှစ်မှ ၁၇ နှစ်အရွယ် ကလေး အလုပ်သမား ၉.၃ ရာခိုင်နှုန်းနှင့် ဘေးအန္တရာယ်ရှိသော လုပ်ငန်းခွင်တွင် လုပ်ကိုင် နေရသော ကလေးအလုပ်သမားပေါင်း (၆) သိန်းကျော်ရှိသည်။

ILO နှင့် UNICEF တို့မှ ထုတ်ဝေသော အစီရင်ခံစာ အရ ကမ္ဘာတစ်ဝှမ်းတွင် ကလေး အလုပ်သမားပေါင်း ၁၅၃ သန်းရှိနေပြီး ကိုဗစ်-၁၉ ကာလအတွင်း ပိုမိုအန္တရာယ်ကြီး စွာနှင့် ပုန်းကွယ်စွာဖြင့် လုပ်ကိုင်ရသော လုပ်ငန်းခွင်အခြေအနေမျိုးနှင့် ရင်ဆိုင် ကြုံတွေ့နေရသည်။

စားဝတ်နေရေး အခက်အခဲများ၊ မိသားစုဝင်များ နေထိုင်မကောင်းဖြစ်ခြင်း သို့မဟုတ် သေဆုံးခြင်း စသည့် ဆိုးဝါးလာသော အခြေအနေများသည် ကလေးများ အား ကျောင်းပညာရေးနှင့် အလုပ်းဝေးစေရန် တွန်းအားပေးလျက်ရှိရုံသာမက မိဘမဲ့ဘဝသို့ ရောက်ရှိသွားခြင်း၊ ငွေကြေးအခက်အခဲနှင့် ရင်ဆိုင်စေခြင်းတို့သည် ကိုဗစ်-၁၉ နှင့် ဆက်နွယ်လျက်ရှိသော အကြောင်းရင်းများဖြစ်သည်။

အဆိုပါအခြေအနေများသည် သန်းပေါင်းများစွာသော ကလေးသူငယ်များကို ငယ်ရွယ်သော အချိန်မှာပင် အန္တရာယ်ရှိသော လုပ်ငန်းခွင်များသို့ တွန်းပို့လျက်ရှိ သည်။ ၂၀၂၀ ပြည့်နှစ် မေလ အထိ ကိန်းဂဏန်းများအရ မြန်မာနိုင်ငံတွင် လူပေါင်း (၆)သောင်းခန့် အလုပ်လက်မဲ့ဘဝသို့ ရောက်ရှိခဲ့ပြီး အခြေအနေများ ပိုမိုဆိုးရွားလာ ပါက အလုပ်သမားများ၏ လစာဖြတ်တောက်ခြင်းနှင့် ပိုမိုများပြားသော အလုပ်သမားများအား အလုပ်ရပ်စဲခြင်း အခြေအနေ များနှင့် တွေ့ကြုံရမည် ဖြစ်ကြောင်း ခန့်မှန်းသိရှိပါသည်။

ILO ၊ UNICEF အပါအဝင် မိတ်ဖက်အဖွဲ့အစည်းများသည် သတိထားစောင့်ကြည့် ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ချက်များ၏ အရေးပါမှုများအပေါ် ဦးစားပေးလုပ်ဆောင် လာစေရန် ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်ရေးနေ့အား ကြိုဆိုသော အားဖြင့် လုပ်ဆောင်လျက်ရှိပြီး ကလေးသူငယ်များအား ကမ္ဘာ့ကပ်ရောဂါကြောင့် စီးပွားရေး နှင့် လူမှုရေးသက်ရောက်မှု များမှ အကာအကွယ်ပြုရန် ရည်ရွယ်ပါသည်။
“ကျွန်တော်တို့အားလုံး ကိုဗစ်-၁၉ ရဲ့ သက်ရောက်မှုတွေကို အတူတိုက်ထုတ်နေကြ သလိုပဲ ကလေးသူငယ်တွေအတွက် ထပ်တိုးကာကွယ်မှုတွေပေးသွားဖို့ လိုအပ်ပါ တယ်။ ဒီလိုလုပ်ဆောင်မှုတွေကနေ ကလေးသူငယ်တွေ အန္တရာယ်ရှိတဲ့ အလုပ် စေခိုင်းမှုတွေဆီ တွန်းပို့ခံရခြင်းတွေက တားဆီးနိုင်မှာဖြစ်ပြီး ကျောင်းထွက်ရမယ့် အခြေအနေမျိုးတွေ၊ ကျန်းမာရေးနဲ့ ဘဝနေထိုင်မှုဆိုင်ရာထိခိုက်မှုတွေ လျော့နည်း စေမှာဖြစ်ပါတယ်” ဟု UNICEF မြန်မာ၏ လက်ထောက်ကိုယ်စားလှယ် Alessandra Dentice မှ ပြောကြားသည်။
မြန်မာနိုင်ငံသည် ကလေးအလုပ်သမားများအား အဆိုးရွားဆုံးပုံစံဖြင့်စေခိုင်းခြင်းကို ကာကွယ်သည့် ILO ပြဋ္ဌာန်းချက်အမှတ် ၁၈၂ ကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာတွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့သည်။



| | | |
|---|---|---|
| Headline | : | Myanmar signs up to key international convention on minimum working age ahead of the World Day Against Child Labour |
| Date | : | 12 June 2020 |
| Media Title | : | People Media |
| Page/Section | : | Social Media News |
| Frequency | : | Daily |
| Language | : | Myanmar |
| PR Value | : | USD 750 |
| Summary | : | Donglin Li, ILO Liaison Officer, called for continuous action and support to ongoing national efforts in combating child labour. "There is significant momentum towards preventing and eliminating child labour in Myanmar as it has implemented the National Action Plan on Child Labour and ratified the ILO Convention 138 on the minimum age on June 8," Li said. |



| | | |
|---|---|---|
| Headline | : | More than 600,000 child labours working in hazardous work environments |
| Date | : | 12 June 2020 |
| Media Title | : | Myanmar Labour News |
| Page/Section | : | Social Media News |
| Frequency | : | Daily |
| Language | : | Myanmar |
| PR Value | : | USD 750 |
| Summary | : | Myanmar confirmed its commitment to addressing child labour by ratifying the International Labour Organization (ILO) Minimum Age Convention on 8 June, just ahead of the World Day Against Child Labour on 12 June. The development has been heralded as a positive development, particularly in the context of the current COVID-19 crisis, which threatens the rights, safety and development of the estimated 1.13 million children in child labour across the country. |



| | | |
|---|---|---|
| Headline | : | Myanmar signs up to key international convention on minimum working age ahead of the World Day Against Child Labour |
| Date | : | 12 June 2020 |
| Media Title | : | MDY Media |
| Page/Section | : | Social Media News |
| Frequency | : | Daily |
| Language | : | Myanmar |
| PR Value | : | USD 750 |
| Summary | : | The Minimum Age Convention 138 requires countries to set a minimum age aligned with the end of compulsory education and under which no one shall be admitted to work in any occupation except light work and artistic performances. It also prohibits hazardous activities for anyone under 18 years old. In Myanmar, the minimum working age is 14 years old, as per the new Child Rights Law and existing Labour Law. The Convention also requires countries to establish national policies for the elimination of child labour. |

**MGY MEDIA**

June 12 at 11:36 AM ·

> ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့အကြိုအဖြစ် အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်ဖြစ်သော အလုပ်လုပ်နိုင်သည့်အနိမ့်ဆုံးအသက်အရွယ်သတ်မှတ်ချက်ကို မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုး

> ရန်ကုန်၊ ဇွန် ၁၂ရက်

ဇွန်လ (၁၂) ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်ရေးနေ့အကြို အဖြစ် အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်အရွယ်သတ်မှတ်ချက်ကို မြန်မာနိုင်ငံမှ အတည်ပြုလက်မှတ်ရေးထိုးရန် ကတိကဝတ်ပြု လိုက်ပြီဖြစ်ကြောင်း မြ မြန်မာနိုင်ငံမှ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO)မှ ယနေ့ သတင်း ထုတ်ပြန်လိုက်သည်။

> အဆိုပါ လုပ်ဆောင်ချက်သည် တစ်နိုင်ငံလုံးရှိ ၁.၁၃ သန်းသော ကလေးအလုပ်သမားများအား ကိုဗစ်-၁၉ ကာလအတွင်း လုံခြုံရေး၊ အကာအကွယ်ပြုရေးနှင့် အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုများမှ ကာကွယ်ပေးရေးတို့အတွက် အပြုသဘောဆောင်သော တိုးတက်မှုများကို ဖြစ်ပေါ်လာစေမည်ဖြစ်သည်။

> အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ဆက်သွယ်ညှိနှိုင်းရေးအရာရှိ Donglin Li မှ "ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (NAP) ကို အကောင်အထည်ဖော်ခြင်းနဲ့ ဇွန်လ (၈) ရက်နေ့မှာ အတည်ပြုလက်မှတ်ရေးထိုးမည့် အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်အရွယ်သတ်မှတ်ခြင်း ဆိုင်ရာပြဋ္ဌာန်းချက် အမှတ်- ၁၃၈ တွေဟာ မြန်မာနိုင်ငံမှာ ကလေးအလုပ်သမား အမြစ်ပြတ်ပပျောက်ဖို့ ထင်ရှားတဲ့မှတ်တိုင်တစ်ခုပဲ ဖြစ်ပါတယ်။" ဟု ပြောကြားခဲ့သည်။

> ဆက်လက်၍ "ယခုဖြစ်ပေါ်နေတဲ့ ကိုဗစ်-၁၉ အခြေအနေတွေကို ကျော်လွှားရမှာဖြစ်ပြီး ၂၀၂၅ ခုနှစ်မှာ ကလေးအလုပ်သမားအလုံးစုံ ပပျောက်ရေးအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် ၈.၇ ကို ရရှိအောင် အတူဆက်လက်လုပ်ဆောင်ရမှာ ဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

ပြဋ္ဌာန်းချက် အမှတ်- ၁၃၈ အရ အလုပ်လုပ်နိုင်သည့်အနိမ့်ဆုံးအသက်အရွယ် သတ်မှတ်ချက်တွင်  မသင်မနေရ ပညာရေးပြီးဆုံးချိန်နှင့်ကိုက်ညီရန် အနိမ့်ဆုံး အသက်အရွယ်ကို သတ်မှတ်ရန်လိုအပ်ပြီး ပေါ့ပါးသောအလုပ်များနှင့် အနုပညာဖျော်ဖြေမှုများမှအပ မည်သည့်အလုပ်မျိုးတွင်မဆို ဝင်ရောက်လုပ်ကိုင်ခြင်းမှ တားမြစ်ခြင်းတို့ဖြစ်သည်။

ထို့အပြင် အသက် ၁၈ နှစ်အောက် ကလေးအလုပ်သမားများအား အန္တရာယ်ရှိသော အလုပ်အကိုင်များ လုပ်ကိုင်ခြင်းမှ တားမြစ်ထားပြီး မြန်မာနိုင်ငံတွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့် လက်ရှိအလုပ်သမားဥပဒေအရ အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံး အသက်အရွယ်မှာ အသက် ၁၄ နှစ် ဖြစ်သည်။

အဆိုပါကွန်ဗင်းရှင်းအရ နိုင်ငံများတွင် ကလေးအလုပ်သမားများ အမြစ်ပြတ်ပပျောက်ရေးအတွက် နိုင်ငံအဆင့်ပေါ်လစီများ ချမှတ်ရမည်ဆိုသော အချက်လည်း ပါဝင်သည်။

မြန်မာနိုင်ငံသည် ဤပြဋ္ဌာန်းချက်အား သဘောတူလက်မှတ် ရေးထိုးသည့် ၁၇၈ မြောက်နိုင်ငံဖြစ်လာပြီး လက်ရှိတွင် အသက် ၅ နှစ်မှ ၁၇ နှစ်အရွယ် ကလေးအလုပ်သမား ၉.၃ ရာခိုင်နှုန်းနှင့် ဘေးအန္တရာယ်ရှိသော လုပ်ငန်းခွင်တွင် လုပ်ကိုင်နေရသော ကလေးအလုပ်သမားပေါင်း (၆) သိန်းကျော်ရှိသည်။

ILO နှင့် UNICEF တို့မှ ထုတ်ဝေသော အစီရင်ခံစာ အရ ကမ္ဘာတစ်ဝှမ်းတွင် ကလေးအလုပ်သမားပေါင်း ၁၅၃ သန်းရှိနေပြီး ကိုဗစ်-၁၉ ကာလအတွင်း ပိုမိုအန္တရယ်ကြီးစွာနှင့် ပုန်းကွယ်စွာဖြင့် လုပ်ကိုင်ရသော လုပ်ငန်းခွင်အခြေအနေမျိုးနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

စားဝတ်နေရေး အခက်အခဲများ၊ မိသားစုဝင်များ နေထိုင်မကောင်းဖြစ်ခြင်း သို့မဟုတ် သေဆုံးခြင်း စသည့် ဆိုးဝါးလာသော အခြေအနေများသည် ကလေးများအား ကျောင်းပညာရေးနှင့် အလှမ်းဝေးစေရန် တွန်းအားပေးလျက်ရှိရုံသာမက မိဘမဲ့ဘဝသို့ ရောက်ရှိသွားခြင်း၊ ငွေကြေးအခက်အခဲနှင့် ရင်ဆိုင်စေခြင်းတို့သည် ကိုဗစ်-၁၉ နှင့် ဆက်နွယ်လျက်ရှိသော အကြောင်းရင်းများဖြစ်သည်။

အဆိုပါအခြေအနေများသည် သန်းပေါင်းများစွာသော ကလေးသူငယ်များကို

ငယ်ရွယ်သော အချိန်မှာပင် အန္တရာယ်ရှိသော လုပ်ငန်းခွင်များသို့ တွန်းပို့လျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ် မေလ အထိ ကိန်းဂဏန်းများအရ မြန်မာနိုင်ငံတွင် လူပေါင်း (၆)သောင်းခန့် အလုပ်လက်မဲ့ဘဝသို့ ရောက်ရှိခဲ့ပြီး အခြေအနေများ ပိုမိုဆိုးရွားလာပါက အလုပ်သမားများ၏ လစာဖြတ်တောက်ခြင်းနှင့် ပိုမိုများပြားသော အလုပ်သမားများအား အလုပ်ရပ်စဲခြင်း အခြေအနေ များနှင့် တွေ့ကြုံရမည်ဟု ခန့်မှန်းကြောင်း သိရသည်။

ILO ၊ UNICEF အပါအဝင် မိတ်ဖက်အဖွဲ့အစည်းများသည် သတိထားစောင့်ကြည့်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ချက်များ၏ အရေးပါမှုများအပေါ် ဦးစားပေးလုပ်ဆောင်လာစေရန် ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်ရေးနေ့အား ကြုံဆိုသော အားဖြင့် လုပ်ဆောင်လျက်ရှိပြီး ကလေးသူငယ်များအား ကမ္ဘာ့ကပ်ရောဂါကြောင့် စီးပွားရေးနှင့် လူမှုရေးသက်ရောက်မှု များမှ အကာအကွယ်ပြုရန် ရည်ရွယ်ကြောင်း သိရသည်။

"ကျွန်တော်တို့အားလုံး ကိုဗစ်-၁၉ ရဲ့ သက်ရောက်မှုတွေကို အတူတိုက်ထုတ်နေကြသလိုပဲ ကလေးသူငယ်တွေအတွက် ထပ်တိုးကာကွယ်မှုတွေပေးသွားဖို့ လိုအပ်ပါတယ်။ ဒီလိုလုပ်ဆောင်မှုတွေကနေ ကလေးသူငယ်တွေ အန္တရာယ်ရှိတဲ့ အလုပ်စေခိုင်းမှုတွေဆီ တွန်းပို့ခံရခြင်းတွေက တားဆီးနိုင်မှာဖြစ်ပြီး ကျောင်းထွက်ရမယ့် အခြေအနေမျိုးတွေ၊ ကျန်းမာရေးနဲ့ ဘဝနေထိုင်မှုဆိုင်ရာထိခိုက်မှုတွေ လျော့နည်းစေမှာဖြစ်ပါတယ်" ဟု UNICEF မြန်မာ၏ လက်ထောက်ကိုယ်စားလှယ် Alessandra Dentice မှ ပြောကြားသည်။

မြန်မာနိုင်ငံသည် ကလေးအလုပ်သမားများအား အဆိုးရွားဆုံးပုံစံဖြင့် စေခိုင်းခြင်းကို ကာကွယ်သည့် ILO ပြဋ္ဌာန်းချက်အမှတ် ၁၈၂ ကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာတွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ရွှေမန်းသူ



Headline : National policies for the elimination of child labour
Date : 12 June 2020
Media Title : MoI
Page/Section : Online
Frequency : Daily
Language : Myanmar
PR Value : USD 6,000

Summary : Myanmar confirmed its commitment to addressing child labour by ratifying the International Labour Organization (ILO) Minimum Age Convention on 8 June, just ahead of the World Day Against Child Labour on 12 June. The development has been heralded as a positive development, particularly in the context of the current COVID-19 crisis, which threatens the rights, safety and development of the estimated 1.13 million children in child labour across the country.

ကမ္ဘာ့ကလေးအလုပ်သမား ပပျောက်ရေးနေ့ (၂၀၂၀)

ဇွန်လ ၁၂ ရက်နေ့သည် ကမ္ဘာ့ကလေးအလုပ်သမား ပပျောက်ရေးနေ့ ဖြစ်ပါသည်။ နှစ်စဉ် ဇွန်လ ၁၂ ရက်နေ့ကို ကမ္ဘာ့ကလေးအလုပ်သမား ပပျောက်ရေးနေ့အဖြစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) က ၂၀၀၂ ခုနှစ် ဇွန်လ ၁၂ ရက်နေ့က စတင်သတ်မှတ်ခဲ့ပြီး ဦးတည်ချက်၊ အကြောင်းအရာခေါင်းစဉ်တစ်ခုစီကို နှစ်စဉ် သတ်မှတ်ကာ ကမ္ဘာအနှံ့နိုင်ငံတိုင်းတွင် ကလေးအလုပ် သမား ပပျောက်ရေးအခမ်းအနားများ၊ အထိမ်းအမှတ် လှုပ်ရှားမှုများကို ကျင်းပခဲ့ကြသည်။ ယခု ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့ကလေးအလုပ်သမား ပပျောက်ရေးနေ့အတွက် အကြောင်းအရာ၊ ခေါင်းစဉ်အဖြစ် ကိုဗစ်-၁၉၊ ကလေး များအား ကလေးအလုပ်သမားမဖြစ်စေဖို့ ယခင်ကထက် ပိုတိုးလို့ ယခုပင် ကာကွယ်စို့ "COVID-19; Protect children from child labour, now more than ever" ဟု သတ်မှတ်ပေးထားပါသည်။

ယမန်နှစ် နှစ်ကုန်ပိုင်းနှင့် ယခုနှစ်အတွင်း ကိုဗစ်- ၁၉ ရောဂါသည် မည်သူကမျှ ကြိုတင်ခန့်မှန်းထားနိုင်ခြင်း မရှိဘဲ ကမ္ဘာ့နိုင်ငံများကို ကပ်ရောဂါအသွင် အုံ့ဩ တုန်လှုပ် ဖွယ်ရာ ပျံ့နှံ့ဖြစ်ပွားခဲ့ပြီး လူ့အသက်ပေါင်းများစွာ ဆုံးရှုံး စေခဲ့သည်သာမက ကမ္ဘာ့စီးပွားရေး၊ အလုပ်အကိုင်နှင့် အလုပ်သမား ဈေးကွက်အပေါ်တွင်လည်း ကြီးမားသည့် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာကာ ဝင်ငွေလျော့ နည်း ဆုံးရှုံးမှု၊ အလုပ်လက်မဲ့ဖြစ်ပွားမှုများ ဖြစ်ပေါ်ခဲ့ပါ သည်။ ယင်းသို့ဖြစ်ပွားခဲ့ရာတွင် ထိရှလွယ်သည့်အုပ်စု တွင်ရှိနေသည့် ကလေးများသည်လည်း ဆိုးကျိုးသက် ရောက်မှုများကို ရှေ့တန်းမှ ထိခိုက်နစ်နာခံစားခဲ့ကြရ သည်။

ကိုဗစ်-၁၉ ကပ်ရောဂါ၏ အကျိုးဆက်ဖြစ်သည့် လက်ရှိကမ္ဘာ့စီးပွားရေး အကျပ်အတည်းများကြောင့် ကလေးသန်းပေါင်းများစွာသည် ကလေးအလုပ်သမား အဖြစ်သို့ ရောက်ရှိသွားနိုင်ပါသည်။ ကမ္ဘာ့စစ်တမ်းများအရ ကလေးအလုပ်သမား ၁၅၂ သန်းခန့်သည် ကလေးအလုပ် သမားများအဖြစ် အလုပ်လုပ်နေကြရပြီး ၎င်းအထဲမှ ၇၂ သန်းခန့်သည် အန္တရာယ်ရှိသောလုပ်ငန်းခွင်တွင် အလုပ် လုပ်ကိုင်နေကြရကြောင်း သိရသည်။ အဆိုပါ ကလေး အလုပ်သမားများသည် ပိုမိုခက်ခဲကြမ်းတမ်းသည့် ပတ်ဝန်းကျင်တွင် လုပ်ကိုင်နေကြရပြီး ခက်ခဲ၍ အန္တရာယ် ရှိသည့်အလုပ်များကို အလုပ်ချိန် ရှည်ကြာစွာ လုပ်ကိုင်နေ ကြရပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါ ဆိုးရွားစွာ ဖြစ်ပွားနေ သည့် ယခုအချိန်ကာလတွင် ကလေးများအား ကလေး အလုပ်သမားမဖြစ်လာစေရေး ယခင်ကာလများထက် ပိုမိုကာကွယ်ကြရန် တိုက်တွန်းနှိုးဆော် သည့် အကြောင်း အရာကို ယခုနှစ်အတွက် ဦးတည်ချက်ခေါင်းစဉ်အဖြစ် သတ်မှတ်ခြင်းသည် အချိန်အခါ အခြေအနေနှင့် အလွန် လိုက်ဖက်ဆီလျော်သည်ဟု ဆိုရပါမည်။

ယခုနှစ်တွင် ကမ္ဘာ့ကလေးအလုပ်သမားပပျောက် ရေးနေ့ အခမ်းအနားနှင့် လှုပ်ရှားမှုများကို အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) သည် The Global March Against Labour အဖွဲ့၊ The International Partnership for cooperation on child labour in Agriculture (IPCCLA) စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများရှိ ကလေးအလုပ်သမားများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးမိတ်ဖက်အဖွဲ့တို့နှင့် ပူးပေါင်း ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း သိရပါသည်။ ထို့အတူ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) တို့ပူးပေါင်း၍ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ကလေး အလုပ်သမားများနှင့် ကလေးအလုပ်သမားလျော့နည်းပပျောက်ရေးဆောင်ရွက်မှုများအပေါ် အကျိုးသက်ရောက် မှုများ စာတမ်းကို ၂၀၂၀ ပြည့်နှစ် ဇွန်လ ၁၂ ရက်နေ့တွင် ထုတ်ပြန်သွားရန်ရှိပြီး ၎င်းစာတမ်းနှင့် ကိုဗစ်-၁၉ အကျပ် အတည်းကာလအတွင်းမှ ကလေးအလုပ်သမားများ၏ ရှေ့အနာဂတ်ကို မျှော်ကြည့်ခြင်းခေါင်းစဉ်ဖြင့် အဆင့်မြင့် အရာရှိကြီးများက Online မှ တွေ့ဆုံဆွေးနွေးရန်ရှိကြောင်း သိရပါသည်။

အလားတူ မြန်မာနိုင်ငံရှိ ILO ဆက်သွယ်ညှိနှိုင်းရေးရုံး အနေဖြင့် ကလေးအလုပ်သမားပပျောက်ရေးနေ့ လှုပ်ရှား မှုကာလကို ၂၀၂၀ ပြည့်နှစ် ဇွန်လ ၁၂ ရက်နေ့မှ စက်တင် ဘာလ ၃၀ ရက်နေ့အထိ သတ်မှတ်ထားပြီး လှုပ်ရှားမှု များအဖြစ် သတင်းစာရှင်းလင်းပွဲများ၊ သတင်းထုတ်ပြန် မှုများ ပြုလုပ်ခြင်း၊ လူမှုမီဒီယာများဖြစ်သည့် Facebook၊ Twitter အပါအဝင် အခြားသောမီဒီယာများ၊ Website များမှတစ်ဆင့် အသိပညာပေးခြင်း၊ ထုတ်ပြန်ကြေညာခြင်း များ ပြုလုပ်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Bill Board များ၊ ပိုစတာများစိုက်ထူခြင်း၊ တီဗွီနှင့် ရေဒီယို များမှတစ်ဆင့် ကလေးအလုပ်သမားပပျောက်ရေး ဇာတ်လမ်းတိုများ ထုတ်လွှင့်ပြသခြင်းနှင့် ရန်ကုန်မြို့ရှိ အများပြည်သူများနှင့် သက်ဆိုင်သည့်နေရာများ၌ ဓာတ်ပုံ ပြပွဲများ ပြုလုပ်ခြင်းများ လုပ်ဆောင်ရန်စီစဉ်ထားကြောင်း သိရှိရသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်ရှင် အဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့အစည်းများကလည်း ပူးပေါင်းပါဝင် လှုပ်ရှားဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း သိရပါသည်။

Headline : World Day Against Child Labour
Date : 12 June 2020
Media Title : MRTV
Page/Section : Online
Frequency : Daily
Language : Myanmar
PR Value : USD 6,000

Summary : Myanmar confirmed its commitment to addressing child labour by ratifying the International Labour Organization (ILO) Minimum Age Convention on 8 June, just ahead of the World Day Against Child Labour on 12 June. The development has been heralded as a positive development, particularly in the context of the current COVID-19 crisis, which threatens the rights, safety and development of the estimated 1.13 million children in child labour across the country.

MRTV

# ကမ္ဘာ့ကလေးအလုပ်သမားပပျောက်ရေးနေ့



| | | |
|---|---|---|
| Headline | : | Myanmar Child Labours issue has to be solved before getting wrose |
| Date | : | 12 June 2020 |
| Media Title | : | VOA |
| Page/Section | : | Online |
| Frequency | : | Daily |
| Language | : | Myanmar |
| PR Value | : | USD 6,000 |
| Summary | : | The ILO, UNICEF and partners are using the World Day Against Child Labour to draw attention to the importance of vigilance and a coordinated response to protect vulnerable children from the pandemic's far-reaching economic and social impact. |

# မြန်မာကလေးလုပ်သားအရေး ပိုဆိုးမလာခင် ဖြေရှင်းဖို့လို



မြန်မာပြည်တွင်းက ကလေးလုပ်သားများ။

[Zawgyi/Unicode]

ဒီနေ့ ဇွန်လ ၁၂ ရက်က ကမ္ဘာ့ကလေးလုပ်သား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ပါ။ ကမ္ဘာ့ကပ်ရောဂါဖြစ်နေတဲ့ အတောအတွင်း ကလေးလုပ်သားအရေးအတွက် များလာမလားဆိုတဲ့ စိုးရိမ်မှုတွေနဲ့အတူ နိုင်ငံတကာအဖွဲ့ အစည်းတချို့ သတင်းထုတ်ပြန်ချက်၊ ပြည်တွင်းက ကလေးသူငယ်အခွင့်အရေး ကာကွယ်တဲ့အဖွဲ့အစည်း တွေရဲ့ သုံးသပ်ချက်ကို ဗွီအိုအေသတင်းထောက် ကိုဇော်ထက်က တင်ပြပေးပါမယ်။





မြန်မာပြည်တွင်းက ကလေးအလုပ်သမားများ။

ဒုတိယကမ္ဘာစစ်နောက်ပိုင်း ကမ္ဘာ့စီးပွားရေး အဆိုးဆုံး အခြေအနေကို ရောက်နေတာက ကလေးသူငယ် သန်းနဲ့ချီပြီး လုပ်ငန်းခွင်ထဲ ရောက်သွားနိုင်တယ်လို့ နိုင်ငံတကာ အလုပ်သမားအဖွဲ့ချုပ် ILO နဲ့ ကုလကလေးများရန်ပုံငွေအဖွဲ့ UNICEF က သတိပေးလိုက်တာပါ။ ဒါက အနှစ် ၂၀ အတွင်း ကလေးလုပ်သားဦးရေ ပြန်တက်လာနိုင်တဲ့ အခြေအနေလို့ ဆိုပါတယ်။ ပြည်တွင်းမှာတော့ COVID မတိုင်ခင်နဲ့ COVID ကာလပါ ကလေးလုပ်သား ပြဿနာက ဖြေရှင်းရမယ့် ကိစ္စ ဖြစ်နေတယ်လို့ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီက ဦးမျိုးမြင့်ထွန်းက ပြောပါတယ်။

"အခု COVID ကာလဖြစ်တော့လည်း စီးပွားရေးအခြေအနေ အမျိုးမျိုးကြောင့် နောက်ထပ် ကလေးလုပ်သားတွေက ပိုပြီးများလာနိုင်ခြေလည်း ရှိတာပေါ့။ ဆိုတော့ အစိုးရအနေနဲ့ ဘာလုပ်ဖို့လိုလဲဆိုတော့ ကလေးတွေနဲ့ ပတ်သက်တဲ့ ဥပဒေတွေကို လက်တွေ့ အကောင်အထည် ပြည့်ပြည့်ဝဝ ဖော်ပေးဖို့ပေါ့ နံပတ်တစ် ဦးစားပေးလိုပါတယ်။ နောက် ဒုတိယအချက်ကတော့ social protection လို့ခေါ်တဲ့ လူမှုကာကွယ် စောင့်ရှောက်ရေးနဲ့ ပတ်သက်တဲ့ ပံ့ပိုးပေးတဲ့ ကိစ္စတွေ လုပ်ပေးမှုရမှာ။"

Headline : World Day Against Child Labour
Date : 11 June 2020
Media Title : UK in Myanmar
Page/Section : Social Media News
Frequency : Daily
Language : Myanmar
PR Value : USD 750
Summary : Myanmar confirmed its commitment to addressing child labour by ratifying the International Labour Organization (ILO) Minimum Age Convention on 8 June, just ahead of the World Day Against Child Labour on 12 June. The development has been heralded as a positive development, particularly in the context of the current COVID-19 crisis, which threatens the rights, safety, and development of the estimated 1.13 million children in child labour across the country.



| | | |
|---|---|---|
| Headline | : | World Day Against Child Labour |
| Date | : | 11 June 2020 |
| Media Title | : | MRTV |
| Page/Section | : | Broadcast |
| Frequency | : | Daily |
| Language | : | Myanmar |
| PR Value | : | USD 37,800 |
| Summary | : | Myanmar confirmed its commitment to addressing child labour by ratifying the International Labour Organization (ILO) Minimum Age Convention on 8 June, just ahead of the World Day Against Child Labour on 12 June. The development has been heralded as a positive development, particularly in the context of the current COVID-19 crisis, which threatens the rights, safety and development of the estimated 1.13 million children in child labour across the country. |

MRTV



| | | |
|---|---|---|
| Headline | : | World Day Against Child Labour |
| Date | : | 11 June 2020 |
| Media Title | : | MRTV |
| Page/Section | : | YouTube |
| Frequency | : | Daily |
| Language | : | Myanmar |
| PR Value | : | USD 3,000 |
| Summary | : | Myanmar confirmed its commitment to addressing child labour by ratifying the International Labour Organization (ILO) Minimum Age Convention on 8 June, just ahead of the World Day Against Child Labour on 12 June. The development has been heralded as a positive development, particularly in the context of the current COVID-19 crisis, which threatens the rights, safety and development of the estimated 1.13 million children in child labour across the country. |

MRTV



| | | |
|---|---|---|
| Headline | : | World Day Against Child Labour and National policies for the elimination of child labour |
| Date | : | 11 June 2020 |
| Media Title | : | MoI |
| Page/Section | : | Online |
| Frequency | : | Daily |
| Language | : | Myanmar |
| PR Value | : | USD 6,000 |
| Summary | : | Loss of livelihood, an illness or death in the family, displacement, and the raft of upheavals which are driving children out of school, orphaned or in financial troubles, are some of the COVID-19 related factors that are pushing millions of vulnerable children – even those at a very young age – to work in hazardous conditions. As of May 2020, more than 60,000 people have already lost their jobs in Myanmar; and as the crisis continues, deeper cuts in workers' salaries or more employment terminations are expected to occur. |

## ကမ္ဘာ့ကလေးအလုပ်သမား ပပျောက်ရေးနေ့နှင့် မြန်မာနိုင်ငံကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်

*Thu, 06/11/2020 - 08:19 -- admin*

ကမ္ဘာ့ကလေးအလုပ်သမား ပပျောက်ရေးနေ့ (၂၀၂၀)

ဇွန်လ ၁၂ ရက်နေ့သည် ကမ္ဘာ့ကလေးအလုပ်သမား ပပျောက်ရေးနေ့ ဖြစ်ပါသည်။ နှစ်စဉ် ဇွန်လ ၁၂ ရက်နေ့ကို ကမ္ဘာ့ကလေးအလုပ်သမား ပပျောက်ရေးနေ့အဖြစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) က ၂၀၀၂ ခုနှစ် ဇွန်လ ၁၂ ရက်နေ့က စတင်သတ်မှတ်ခဲ့ပြီး ဦးတည်ချက်၊ အကြောင်းအရာခေါင်းစဉ်တစ်ခုစီကို နှစ်စဉ် သတ်မှတ်ကာ ကမ္ဘာအနှံ့နိုင်ငံတိုင်းတွင် ကလေးအလုပ် သမား ပပျောက်ရေးအခမ်းအနားများ၊ အထိမ်းအမှတ် လှုပ်ရှားမှုများကို ကျင်းပခဲ့ကြသည်။ ယခု ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့ကလေးအလုပ်သမား ပပျောက်ရေးနေ့အတွက် အကြောင်းအရာ၊ ခေါင်းစဉ်အဖြစ် ကိုဗစ်-၁၉၊ ကလေး များအား ကလေးအလုပ်သမားမဖြစ်စေဖို့ ယခင်ကထက် ပိုတိုးလို့ ယခုပင် ကာကွယ်စို့ "COVID-19; Protect children from child labour, now more than ever" ဟု သတ်မှတ်ပေးထားပါသည်။

ယမန်နှစ် နှစ်ကုန်ပိုင်းနှင့် ယခုနှစ်အတွင်း ကိုဗစ်- ၁၉ ရောဂါသည် မည်သူကမျှ ကြိုတင်ခန့်မှန်းထားနိုင်ခြင်း မရှိဘဲ ကမ္ဘာ့နိုင်ငံများကို ကပ်ရောဂါအသွင် အံ့ဩတုန်လှုပ် ဖွယ်ရာ ပျံ့နှံ့ဖြစ်ပွားခဲ့ပြီး လူ့အသက်ပေါင်းများစွာ ဆုံးရှုံး စေခဲ့သည်သာမက ကမ္ဘာ့စီးပွားရေး၊ အလုပ်အကိုင်နှင့် အလုပ်သမား ဈေးကွက်အပေါ်တွင်လည်း ကြီးမားသည့် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာကာ ဝင်ငွေလျော့ နည်း ဆုံးရှုံးမှု၊ အလုပ်လက်မဲ့ဖြစ်ပွားမှုများ ဖြစ်ပေါ်ခဲ့ပါ သည်။ ယင်းသို့ဖြစ်ပွားခဲ့ရာတွင် ထိရှလွယ်သည့်အုပ်စု တွင်ရှိနေသည့် ကလေးများသည်လည်း ဆိုးကျိုးသက် ရောက်မှုများကို ရှေ့တန်းမှ ထိခိုက်နစ်နာခံစားခဲ့ကြရသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ၏ အကျိုးဆက်ဖြစ်သည့် လက်ရှိကမ္ဘာ့စီးပွားရေး အကျပ်အတည်းများကြောင့် ကလေးသန်းပေါင်းများစွာသည် ကလေးအလုပ်သမား အဖြစ်သို့ ရောက်ရှိသွားနိုင်ပါသည်။ ကမ္ဘာ့စစ်တမ်းများအရ ကလေးအလုပ်သမား ၁၅၂ သန်းခန့်သည် ကလေးအလုပ် သမားများအဖြစ် အလုပ်လုပ်နေကြရပြီး ၎င်းအထဲမှ ၇၂ သန်းခန့်သည် အန္တရာယ်ရှိသောလုပ်ငန်းခွင်တွင် အလုပ် လုပ်ကိုင်နေကြရကြောင်း သိရသည်။ အဆိုပါ ကလေး အလုပ်သမားများသည် ပိုမိုခက်ခဲကြမ်းတမ်းသည့် ပတ်ဝန်းကျင်တွင် လုပ်ကိုင်နေကြရပြီး ခက်ခဲ၍ အန္တရာယ် ရှိသည့်အလုပ်များကို အလုပ်ချိန် ရှည်ကြာစွာ လုပ်ကိုင်နေ ကြရပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါ ဆိုးရွားစွာ ဖြစ်ပွားနေ သည့် ယခုအချိန်ကာလတွင် ကလေးများအား ကလေး အလုပ်သမားမဖြစ်လာစေရေး ယခင်ကာလများထက် ပိုမိုကာကွယ်ကြရန် တိုက်တွန်းနှိုးဆော်သည့် အကြောင်း အရာကို ယခုနှစ်အတွက် ဦးတည်ချက်ခေါင်းစဉ်အဖြစ် သတ်မှတ်ခြင်းသည် အချိန်အခါ အခြေအနေနှင့် အလွန် လိုက်ဖက်ဆီလျော်သည်ဟု ဆိုရပါမည်။

ယခုနှစ်တွင် ကမ္ဘာ့ကလေးအလုပ်သမားပပျောက် ရေးနေ့ အခမ်းအနားနှင့် လှုပ်ရှားမှုများကို အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) သည် The Global March Against Labour အဖွဲ့၊ The International Partnership for cooperation on child labour in Agriculture (IPCCLA) စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ရှိ ကလေးအလုပ်သမားများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်အဖွဲ့တို့နှင့် ပူးပေါင်း ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း သိရပါသည်။ ထို့အတူ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) တို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ကလေး အလုပ်သမားများနှင့် ကလေးအလုပ်သမားလျော့နည်းပပျောက်ရေးဆောင်ရွက်မှုများအပေါ် အကျိုးသက်ရောက် မှုများ စာတမ်းကို ၂၀၂၀ ပြည့်နှစ် ဇွန်လ ၁၂ ရက်နေ့တွင် ထုတ်ပြန်သွားရန်ရှိပြီး ၎င်းစာတမ်းနှင့် ကိုဗစ်-၁၉ အကျပ် အတည်းကာလအတွင်းမှ ကလေးအလုပ်သမားများ၏ ရှေ့အနာဂတ်ကို မျှော်ကြည့်ခြင်းခေါင်းစဉ်ဖြင့် အဆင့်မြင့် အရာရှိကြီးများက Online မှ တွေ့ဆုံဆွေးနွေးရန်ရှိကြောင်း သိရပါသည်။

စီမံချက်ကာလနှင့် ပထမငါးနှစ်စီမံချက် ရည်မှန်းချက်များ

ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသား အဆင့် လုပ်ငန်းစီမံချက်ကာလအား ၂၀၁၉ ခုနှစ်မှ ၂၀၃၃ ခုနှစ်အထိ ၁၅ နှစ်ကာလ သတ်မှတ်ပြီး ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ကာလတို ပထမငါးနှစ်ကာလအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။ ကလေးအလုပ်သမား ပပျောက်ရေးအတွက် ပထမ ငါးနှစ်အတွင်း ချမှတ်ထား သည့် ရည်မှန်းချက်များအဖြစ် ခိုင်မာတိကျသော အခြေခံအချက်အလက်များ ကောက်ယူခြင်း၊ အသိပညာ ပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ပညာရေး အသက်မွေးဝမ်းကျောင်းပညာအခွင့်အလမ်းများ ဖန်တီး ခြင်း၊ ဥပဒေပိုင်းဆိုင်ရာပြုပြင်ရေးဆွဲမှုနှင့် အကောင် အထည်ဖော်ဆောင်ရွက်မှု ပိုမိုအားကောင်းလာစေခြင်း၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံနေရသော ကလေး အလုပ်သမားများအား ဖယ်ရှားခြင်းနှင့် ပြန်လည်ကုစား ခြင်း၊ မိသားစုများအတွက် ပိုမိုကောင်းမွန်သော အသက် မွေးဝမ်းကျောင်း အလုပ်အကိုင်များရရှိစေခြင်းဆိုသည့် ရည်မှန်းချက် ၆ ရပ် ချမှတ်ထားပါသည်။ ပထမငါးနှစ် စီမံချက်တွင် စက်မှုကုန်ထုတ်ကဏ္ဍနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍနှစ်ခုကို ဦးစားပေး ဆောင်ရွက်ရန် သတ်မှတ်ထားပါသည်။ စီမံချက်နယ်မြေ အဖြစ် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး တို့ကို ဦးစားပေးတိုင်းဒေသကြီးနှင့် ပြည်နယ်များအဖြစ် သတ်မှတ်ထားပါသည်။ ကလေးအလုပ်သမား ပပျောက် ရေးဆိုင်ရာအမျိုးသားကော်မတီသည် လုပ်ငန်းကော်မတီ ရှစ်ခုကို ဖွဲ့စည်းပေးထားပြီး ရေးဆွဲထားသည့် စီမံချက်၊ ရည်မှန်းချက်များနှင့် လုပ်ဆောင်ချက်များအပေါ် စောင့် ကြည့်လေ့လာခြင်းတို့ကို စနစ်တကျဆောင်ရွက်လျက် ရှိကြောင်း သိရှိရသည်။

ကလေးအလုပ်သမားပပျောက်ရေးအတွက် တွန်းအား တစ်ရပ်

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေး ဆိုင်ရာ အမျိုးသားကော်မတီ၏ ရည်ရွယ်ချက်၊ စီမံချက်နှင့် လုပ်ဆောင်ချက်များကို လေ့လာကြည့်ပါက ကလေး အလုပ်သမားများအား အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းမှ အစပြုကာ ကလေးအလုပ်သမားခိုင်းစေမှု ပပျောက် သွားရန် သို့မဟုတ် လျော့နည်းသွားရန် လုပ်ဆောင်ပေး ရေးအတွက် အခြေအနေကောင်းနှင့် လမ်းကြောင်းမှန်ပေါ် သို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။ အမျိုးသားကော်မတီသည် ယင်း၏လုပ်ငန်းတာဝန်များကို ကိုဗစ် -၁၉ ကာလမတိုင်မီ ကပင် စတင်၍လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ကိုဗစ်ကာလ အတွင်းနှင့် အနာဂတ်တွင်လည်း စီမံချက်ပါရည်မှန်း ချက်များ အောင်မြင်ရေးအတွက် ဆက်လက်လုပ်ဆောင် သွားမည်ဖြစ်ရာ ချမှတ်ထားသည့်စီမံချက်နှင့် လုပ်ငန်း တာဝန်များကို သက်ဆိုင်သူအားလုံး၊ အဖွဲ့အစည်းများ အားလုံး တက်ညီလက်ညီ ဝိုင်းဝန်းအကောင်အထည်ဖော် လုပ်ဆောင်ကြမည်ဆိုပါက ကလေးအလုပ်သမားပပျောက် ရေးအတွက် ထိရောက်မြင်သာသည့် တွန်းအားတစ်ရပ် ဖြစ်လာမည် ဖြစ်ပါသည်။

ကိုဗစ်- ၁၉၊ ကလေးများအား ကလေးအလုပ်သမား မဖြစ်စေဖို့ ယခင်ကထက်ပိုတိုးလို့ ယခုပင်ကာကွယ်စို့

နိုင်ငံတော်အစိုးရအနေဖြင့် ကလေးအလုပ်သမား ပပျောက်ရေးကိစ္စအား နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်း တစ်ရပ်အဖြစ် သတ်မှတ်လုပ်ဆောင်ခဲ့သည့်နည်းတူ ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှုများအား ကုစား၍ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိရန်အတွက် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်သက်သာရေး စီမံချက်တွင်လည်း ကလေးအလုပ်သမားများ၊ အမျိုးသမီးအလုပ်သမားများ အများဆုံးပါဝင်နေသည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ CMP လုပ်ငန်းများနှင့် အငယ်စား၊ အသေးစား၊ အလတ် စား စက်မှုလုပ်ငန်းများကို ကူညီပံ့ပိုးပေးရေးအစီအစဉ်များ တွင် ဦးစားပေးလုပ်ငန်းအဖြစ် ရေတို ရေရှည်အစီအမံများ ချမှတ်လုပ်ဆောင်လျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကလေးအလုပ်သမား ပပျောက်ရေးလုပ်ငန်းများကို မျက်ခြည်မပြတ် အစဉ်အလေးထားဆောင်ရွက်လျက် ရှိသကဲ့သို့ မြန်မာနိုင်ငံကလေးအလုပ်သမား ပပျောက်ရေး ဆိုင်ရာ အမျိုးသားကော်မတီသည် ချမှတ်ရေးဆွဲထား သည့် လုပ်ငန်းစဉ်နှင့် စီမံချက်များအတိုင်း ပြည်ထောင်စု ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ များ၊ အလုပ်ရှင် အလုပ်သမားသမဂ္ဂများ၊ UN အဖွဲ့အစည်း များ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်း များ လူမှုအခြေပြုအဖွဲ့အစည်းများ၊ လူမှုမိတ်ဖက်အဖွဲ့ အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ် ဇွန်လ ၁၂ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့ကလေးအလုပ်သမားပပျောက်ရေးနေ့နှင့် ကလေး အလုပ်သမားပပျောက်ရေးနေ့ အထိမ်းအမှတ် လုပ်ရှားမှု များအား လိုက်လံစွာ ဂုဏ်ပြုကြိုဆိုပါကြောင်းနှင့် ယခုအခါသမယမှစတင်၍ ကိုဗစ်-၁၉၊ ကလေးများအား ကလေးအလုပ်သမားမဖြစ်စေဖို့ ယခင်ကထက်ပိုတိုးလို့ ယခုပင် ကာကွယ်စို့ ဆောင်ပုဒ်ပါ ရည်မှန်းချက်အတိုင်း ကလေးအလုပ်သမား ပပျောက်ရေးလုပ်ငန်းများကို အရှိန် အဟုန်မြှင့်တင်၍ ယခင်ကထက် ပိုမိုအလေးထား လုပ်ဆောင်သွားကြမည်ဟု ယုံကြည်မိပါကြောင်း ရေးသား လိုက်ရပါသည်။

ရည်ညွှန်းကိုးကား - မြန်မာနိုင်ငံ ကလေး အလုပ်သမား ပပျောက် ရေးဆိုင်ရာ အမျိုးသား အဆင့် လုပ်ငန်းစီမံချက်၊

- ကလေးသူငယ် အခွင့်


အရေးများဆိုင်ရာ ဥပဒေ (၂၀၁၉) ခုနှစ်၊

# Additional hits
# (Facebook, Twitter and YouTube)

| | | |
|---|---|---|
| Headline | : | Millions of vulnerable children have potential to become child labours |
| Date | : | 14 June 2020 |
| Media Title | : | One News |
| Page/Section | : | Facebook |
| Frequency | : | Daily |
| Language | : | Myanmar |
| PR Value | : | USD 500 |
| Summary | : | The ILO, UNICEF and partners are using the World Day Against Child Labour to draw attention to the importance of vigilance and a coordinated response to protect vulnerable children from the pandemic's far-reaching economic and social impact. |

**One News Myanmar**
June 14 at 2:09 PM ·

COVID -19 ကြောင့် ကလေးလုပ်သား နောက်ထပ် အများအပြားထွက်ပေါ်လာနိုင်
-----------
-COVID-19 ကြောင့် ကလေးလုပ်သားနောက်ထပ် အများအပြားထွက်ပေါ်လာနိုင်တယ်လို့ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့( ILO) ခန့်မှန်းထားပါတယ်။
- ILO ရဲ့ စစ်တမ်းတွေအရ လက်ရှိမြန်မာနိုင်ငံထဲမှာ ကလေးလုပ်သားတွေ အများအပြားရှိနေပါတယ်။ အဲဒီကလေးလုပ်သားတွေထဲက (၆)သိန်းကျော်လောက်ဟာ ဘေးအန္တရာယ်ရှိတဲ့ လုပ်ငန်းခွင်တွေမှာ လုပ်ကိုင်နေရပါတယ်။
**#OneNews** (14.6.2020)



Headline : Myanmar signs up to end child labours in Myanmar
Date : 12 June 2020
Media Title : Myanmar Times
Page/Section : Facebook
Frequency : Daily
Language : Myanmar
PR Value : USD 500
Summary : As part of the World Day Against Child Labour campaign in Myanmar, the Ministry of Labour, Immigration and Population (MoLIP), in collaboration with the ILO, and in partnership with the Embassy of Switzerland, are organizing a series of events throughout Myanmar through until September 30. Photo exhibitions in the Central Railway Station, Dala Ferries and Junction City will open on June 15, while online campaigns and awareness raising activities across various states and regions will take place over the coming months.

**The Myanmar Times Daily Newspaper - Myanmar Version**

June 12 at 4:30 PM ·

ILO ပြဋ္ဌာန်းချက် အမှတ်-၁၃၈ အရ ထိုအသက်အရွယ် သတ်မှတ်ချက်တွင် မသင်မနေရ ပညာရေးပြီးဆုံးချိန်နှင့် ကိုက်ညီရန် အနိမ့်ဆုံးအသက်အရွယ်ကို သတ်မှတ်ရန်လိုအပ်ပြီး ပေါ့ပါးသော အလုပ်များနှင့် အနုပညာဖျော်ဖြေမှုများမှအပ မည့်သည့် အလုပ်မျိုးတွင်မဆို ဝင်ရောက်လုပ်ကိုင်ခြင်းမှ တားမြစ်ထားသည်။

https://myanmar.mmtimes.com/news/140198.html



MYANMAR.MMTIMES.COM

**ကလေးအလုပ်သမား ပပျောက်ရေး ILO ၏ သတ်မှတ်ချက် မြန်မာနိုင်ငံ လက်မှတ်ရေးထိုး**

| | | |
|---|---|---|
| Headline | : | More than 600,000 child labours working in hazardous work environments |
| Date | : | 12 June 2020 |
| Media Title | : | DVB |
| Page/Section | : | Facebook |
| Frequency | : | Daily |
| Language | : | Myanmar |
| PR Value | : | USD 500 |
| Summary | : | Myanmar is the 178th country to ratify the convention and has an estimated 9.3% of the child population aged 5 to 17 in child labour, including more than 600,000 working in hazardous work environments. In Myanmar, the minimum working age is 14 years old, as per the new Child Rights Law and existing Labour Law. The Convention also requires countries to establish national policies for the elimination of child labour. |

**DVB TV News**
June 12 at 4:28 PM ·

ကလေးလုပ်သား ၆ သိန်းခန့် အန္တရာယ်ရှိ လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေရ ဖာခြည်
မြန်မာပြည်တွင်းရှိ အသက် ၁၈ နှစ်အောက် ကလေးလုပ်သား ၁ ဒသမ ၂ သန်း လောက်မှာ ၆ သိန်းလောက်က အန္တရာယ်ရှိတဲ့လုပ်ငန်းခွင်တွေမှာ လုပ်ကိုင်နေရပါတယ်။ ... See More



BURMESE.DVB.NO
**ကလေးလုပ်သား ၆ သိန်းခန့် အန္တရာယ်ရှိ လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေရ - DVB**